# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ်(၂၉၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ခြင်းလုပ်ငန်း အသိပေးကြေညာခြင်း

၁။ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ၂၇-၇-၂၀၂၅ ရက်နေ့(တနင်္ဂနွေနေ့) နံနက်(၆:၀၀)အချိန်၌ ထုတ်ပြန်ကြေညာမည် ဖြစ်ပါသည်။

၂။ အဆိုပါအောင်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ စာစစ်ဌာနကျောင်းများတွင် တစ်ချိန်တည်း ကပ်ထားမည် ဖြစ်ပါသည်။

၃။ အောင်စာရင်းထုတ်ပြန်မည့် ၂၇-၇-၂၀၂၅ ရက်နေ့၊ နံနက် (၄) နာရီတွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားပါသည်။

၄။ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို Website မှ အသိပေးထုတ်ပြန်ကြေညာပေးမည့်အပြင် ဝေးလံသောဒေသများရှိ စာစစ်ဌာနများနှင့် အင်တာနက်အဆက်အသွယ် ကောင်းစွာ မရရှိသည့် စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံ ရေဒီယိုအစီအစဉ်မှလည်း အောင်စာရင်းထွက်သည့်နေ့တွင် ကြေညာပေးပါမည်။

၅။ မိဘပြည်သူများ သက်ဆိုင်ရာစာစစ်ဌာနများ၌ အောင်စာရင်းကြည့်ရှုရန် လာရောက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် ပန်ကြားအပ်ပါသည်။

၆။ အောင်စာရင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ဖုန်းနံပါတ် (၀၁ - ၆၅၃၅၀၉) သို့ အောင်စာရင်းထုတ်ပြန်ကြေညာမည့် ၂၇-၇-၂၀၂၅ ရက်နေ့(တနင်္ဂနွေနေ့)တွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပညာရေးဝန်ကြီးဌာန



## ယာယီနေရပ်စွန့်ခွာရာမှ နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ထုတ်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၂

နောင်ချိုမြို့အား တပ်မတော်မှ အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ယာယီနေရပ်စွန့်ခွာနေကြသည့် နောင်ချိုမြို့မှ ဒေသခံတိုင်းရင်းသားပြည်သူများသည် ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြရာ ၎င်းတို့ ယာယီနေရပ်စွန့်ခွာစဉ် ပျောက်ဆုံး၊ ပျက်စီးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နောင်ချိုမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဇူလိုင် ၂၁ ရက်မှစ၍ နောင်ချိုမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑

**ယနေ့ ဖတ်စရာ**

ပြိုင်တယ်ဆို နိုင်မှကြိုက်ကြတာမို့ — ဆောင်းပါး စာ ၆

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA အဖွဲ့ဝင် ၁၉ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက် — ပြည်တွင်းသတင်း စာ ၁၀

## "ဝိဖာ"မုန်တိုင်းမှ ပြတ်ထွက်လာသော တိမ်တိုက်များနှင့် အကြွင်းအကျန်တိမ်တိုက်များ မြန်မာနိုင်ငံသို့ရောက်ရှိလာနိုင်ခြင်းကြောင့် နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဇူလိုင် ၂၂

ယနေ့ ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများကို ဖြတ်ကျော်လျက်ရှိသော အပူပိုင်းမုန်တိုင်း"ဝိဖာ"(WIPHA)မုန်တိုင်းမှ ပြတ်ထွက်လာသော တိမ်တိုက်များနှင့် အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း

စာမျက်နှာ ၄ ကော်လံ ၁ ◆

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး နေပြည်တော်-မန္တလေး ရထားလမ်းပိုင်းရှိ ရထားလမ်းနေရာများ၊ တံတားများနှင့် ဘူတာများ ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြင့်နှင့်အတူ ဇူလိုင် ၂၀ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ဘူတာမှ Rail Bus Engine-RBE အထူးရထားဖြင့်ထွက်ခွာခဲ့ရာ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရှမ်းရွာဘူတာသို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဘူတာအဆောက်အအုံ ဖယ်ရှားရှင်းလင်းပြီးစီးမှု၊ ပြန်လည်တည်ဆောက်မည့် ဘူတာသစ်၏ ဒီဇိုင်းပုံစံနှင့် လက်ရှိ Modular Office တပ်ဆင်၍ ဘူတာအဖြစ် အသုံးပြုမှုအခြေအနေတို့ကို စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သာစည်ဘူတာသို့ရောက်ရှိပြီး ဘူတာသစ်ကြီးတည်ဆောက်ရန် မြေနေရာရှင်းလင်းထားမှုအခြေအနေ၊ ဘူတာသစ်၏ ဒီဇိုင်းပုံစံတို့ကိုစစ်ဆေးပြီး ဘူတာအင်္ဂါရပ်နှင့်ပြည့်စုံစေရေး၊ သန့်ရှင်းသပ်ရပ်လှပစေရေးတို့အတွက် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝမ်းတွင်းမြို့နယ်အတွင်း ယမန်နှစ်က ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် စမုံဘူတာနှင့် သပြေတောင်းဘူတာအကြားရှိ တံတားအမှတ် ဖ၉၁ နေရာသို့ ရောက်ရှိကာ ရေလမ်းကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာပိုမိုကောင်းမွန်စေရေး ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်များကို မှာကြားသည်။



ဆက်လက်၍ သပြေတောင်းဘူတာ၌ ငလျင်ဒဏ်ခံ ဘူတာအဆောက်အအုံဟောင်း ဖျက်သိမ်းပြီးစီးမှု၊ မြေနေရာရှင်းလင်းထားမှုနှင့် ဘူတာသစ်၏ ဒီဇိုင်းပုံစံ၊ Modular Office တပ်ဆင်၍ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ဆည်ဘူတာသစ်အတွက် မြေနေရာရှင်းလင်းထားမှုနှင့် ဒီဇိုင်းပုံစံသစ်တို့ကိုစစ်ဆေး၍ ဘူတာသို့ အဝင်/အထွက်လမ်းများသပ်ရပ်ရေး၊ ဘူတာမျက်နှာစာသန့်ရှင်းသပ်ရပ်လှပရေး၊ ရထားစီးခရီးသည်များ အဆင်ပြေစွာ ရထားစောင့်ဆိုင်းနိုင်မည့်နေရာ လျာထားရေးတို့ကို မှာကြားသည်။

ညနေပိုင်းတွင် မန္တလေးဘူတာကြီးသို့ ရောက်ရှိပြီး မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အတူ ဘူတာကြီးယာဒ်ဝင်းအတွင်း ပျက်စီးသွားသည့် ရထားလမ်းခွဲရုံနှင့် Modular Office ဖြင့် ယာယီရထားလမ်းခွဲသည့် အချက်ပြစနစ် တပ်ဆင်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မူလလမ်းခွဲရုံးကို အမြန်ဆုံး အကြီးစားပြန်လည်ပြင်ဆင်တည်ဆောက်ပြီးစီးစေရေး လိုအပ်ချက်များကို မှာကြားသည်။

ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့မီးရထား၏ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)သို့ ရောက်ရှိလာပြီး ဦးစွာ တွဲသစ်ရုံအမှတ်-၃ ၌ စက်ရုံ၏ အထွေထွေမန်နေဂျာက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ကုန်သေတ္တာတင်တွဲများ တည်ဆောက်မှုအခြေအနေတို့ကိုတင်ပြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကျွမ်းကျင်ဝန်ထမ်းများ စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ရေး၊ စက်ရုံ၏လုံခြုံရေးပိုမိုကောင်းမွန်အောင်စီမံရေး၊ ဝန်ထမ်းများ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးကိစ္စများကို မှာကြားသည်။

ယင်းနောက် စက်ရုံအတွင်း ကုန်သေတ္တာတင်တွဲများ တည်ဆောက်နေမှု၊ DEMU ရထားတွဲတစ်တွဲ စမ်းသပ်တည်ဆောက်နေမှု၊ လူစီးတွဲနှင့် ကုန်တွဲများ အကြီးတန်းပြင်ဆင်မှု၊ ဘီးဘိုဂီအသစ်များ ထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တွဲများ၏ သက်တမ်းအလိုက် ကြံ့ခိုင်မှုပိုမိုကောင်းမွန်စေရေး၊ ပြန်လည်အသုံးမပြုနိုင်တော့သည့် တွဲဘီးဟောင်းများစီမံခန့်ခွဲရေး လိုအပ်ချက်များကို မှာကြားသည်။

ထို့မှတစ်ဆင့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့မီးရထား၏ ကုန်စည်ပို့ဆောင်ရေးဌာနခွဲဝင်းသို့ရောက်ရှိပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ယင်းနယ်မြေအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် အထပ်မြင့်အဆောက်အအုံများပေါ်၌ တပ်ဆင်ခဲ့သော အော်တိုမိုလ်ဘိုင်းတယ်လီဖုန်းစခန်းများနေရာတွင် ရွှေ့လျားမိုလ်ဘိုင်းစခန်း တာဝါတိုင် အစားထိုးတပ်ဆင်ပေးထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများ၏ နေထိုင်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးသည်။

ထို့နောက် အဆိုပါမြို့နယ်အတွင်းရှိ မြန်မာ့စာတိုက်လုပ်ငန်းရုံးသို့ သွားရောက်၍ ရုံးဝင်းအတွင်း အန္တရာယ်ရှိသည့် သစ်ပင်အိုကြီးများ ရှင်းလင်းရေး၊ ဖုန်းကြိုးများ၊ အင်တာနက်ဝိုင်ဖိုင်ကြိုးများ စနစ်တကျရှိစေရေး မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မဟာအောင်မြေမြို့နယ်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးရုံး၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ မြန်မာ့စာတိုက်လုပ်ငန်းရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးနှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများသို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့်ပျက်စီးမှုများ ပြင်ဆင်ပြီးစီးမှုအခြေအနေ၊ Modular Office များ တပ်ဆင်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ Modular House များတွင် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ရွှေဖုံးမှ*

ဇူလိုင် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ယင်းသို့ ကွင်းဆင်းဆောင်ရွက်ပေးရာ၌ နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်လာကြသူများအနက် ဒေသခံပြည်သူ ၆၀ ကို လိုအပ်သောစာရွက်စာတမ်းများနှင့် ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းဆောင်ရွက်ကာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ထုတ်ပေးခဲ့ကြောင်းနှင့် ယင်းလုပ်ငန်းစဉ်ကို ဒေသခံပြည်သူများအတွက် စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေကြောင့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# အခြေခံစာကြည့်တိုက်သင်တန်း(၁/၂၀၂၅)ဖွင့်ပွဲ အခမ်းအနားကျင်းပ



၃၁ ဦးဖြင့် ဖွင့်လှစ်သွားမည်

**နေပြည်တော် ဇူလိုင် ၂၂**
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ အသိပညာဗဟုသုတများ တိုးတက်ပြန့်ပွားအောင် စာအုပ်စာပေဖတ်ရှုလေ့လာခြင်းသည် အဓိကအရေးပါသည်ကို ပိုမိုသိရှိနားလည်လာစေရန်နှင့် စာကြည့်တိုက်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို နားလည်စေရန် ရည်ရွယ်၍ အားကစားနှင့် ကာယပညာဦးစီးဌာန၏ အခြေခံစာကြည့်တိုက်သင်တန်း (၁/၂၀၂၅)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၌ ကျင်းပသည်။

**တိုးတက်အောင်ဆောင်ရွက်**

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ယခုသင်တန်းတွင် စာကြည့်တိုက် စီမံခန့်ခွဲမှုဘာသာရပ်၊ ကတ်တလောက်လုပ်ငန်းဘာသာရပ်၊ မျိုးတူစုလုပ်ငန်းဘာသာရပ်နှင့် ရည်ညွှန်းလုပ်ငန်းဘာသာရပ် စသည့် ဘာသာရပ် လေးမျိုးတို့ကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းတွင် သင်ကြားပို့ချပေးခဲ့သည့် ဘာသာရပ်များကို ဂရုတစိုက် နာယူမှတ်သားပြီး မိမိတို့တာဝန်ကျရာနယ်မြေဒေသများတွင် ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များကို နည်းစနစ်တကျ မှတ်တမ်းများထားရှိခြင်း၊ စာအုပ်၊ စာစောင်များကို ငှားရမ်းဖတ်ရှုလိုသူများ လွယ်လင့်တကူ ရှာဖွေငှားရမ်းရရှိနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားခြင်း စသည့်စာကြည့်တိုက်လုပ်ငန်းများ ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ စာဖတ်ကြသူများအချင်းချင်း အသိပညာအမြင်ချင်းဖလှယ်သည့် စာဖတ်ဝိုင်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ ကျင်းပပြီး အပြန်အလှန်ဆွေးနွေးစေခြင်းဖြင့် စာဖတ်ခြင်း၏ အနှစ်သာရကို ပေါ်လွင်စေကာ ဝန်ကြီးဌာနအတွင်းမှတစ်ဆင့် နိုင်ငံတော်အတွက် အားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အခြေခံစာကြည့်တိုက်သင်တန်း(၁/၂၀၂၅)ကို ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်အထိ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ သင်တန်းသား သင်တန်းသူ ၃၁ ဦးဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ တာချီလိတ်မြို့၌ ကျင်းပ

**တာချီလိတ် ဇူလိုင် ၂၂**
မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ အိမ်ရှင်အဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ 1G1 11 Hotel ၌ ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (TICA)မှ ညွှန်ကြားရေးမှူးချုပ် H.E Mr. Chulvat Narinthrangura ဦးဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ အိမ်ရှင်အဖြစ် အပြန်အလှန်လက်ခံကျင်းပ၍ အလုပ်ရုံဆွေးနွေးပွဲများဆောင်ရွက်ခဲ့ရာ ထိုင်းနိုင်ငံတွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကကျင်းပခဲ့သည့် အစည်းအဝေး၌ မြန်မာ-ထိုင်း သုံးနှစ်တာ ကျန်းမာရေးဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (၂၀၂၀-၂၀၂၂) ခုနှစ်၏ အောင်မြင်မှုများ၊ အားသာချက်၊ အားနည်းချက်များကို အခြေခံကာ ဆွေးနွေးပြောကြားခဲ့ပါကြောင်း၊ ယနေ့ ကျင်းပပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲသည် ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းတိုးတက်မှုများကို သုံးသပ်ရန်နှင့် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များဖလှယ်ရန်၊ ကျန်းမာရေးကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေရန်အတွက် အရေးပါသော ဆွေးနွေးပွဲဖြစ်ကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဆေးရုံဆေးကုသမှုဆိုင်ရာလုပ်ငန်းများ နှစ်နိုင်ငံနယ်စပ်ဒေသများရှိ Twin Hospitals Project များ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် နှစ်နိုင်ငံ ဆေးရုံများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် တာဝန်ခံကိုယ်စားလှယ်များသတ်မှတ်ခြင်း အစရှိသော ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ မြှင့်တင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့် ဆက်လက်လုပ်ဆောင်သွားနိုင်မည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ်၍ ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်သွားသော မန္တလေးငလျင်ကြီးကြောင့် ဘေးအန္တရာယ်ခံစားခဲ့ရသော မြန်မာပြည်သူများအားကူညီရန် ထိုင်းနိုင်ငံမှ အရေးပေါ်ဆေးကုသရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဆက်လက်ပံ့ပိုးကူညီနိုင်ရေးနှင့်ပတ်သက်၍လည်း ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(TICA)မှ ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသံရုံးမှ ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပြီး ဆက်လက်၍ အဆိုပါ ထိုင်းကိုယ်စားလှယ်အဖွဲ့သည် တာချီလိတ်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်လေ့လာခဲ့ကြသည်။ **သတင်းစဉ်**

# ရွှေကျင်မြစ်နှင့် သောင်ရင်းမြစ် ရေကြီးမှုအခြေအနေကြောင့် ရွှေကျင်မြို့နယ်နှင့် မြဝတီမြို့နယ်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများ ကြိုတင်သတိပြု

**နေပြည်တော် ဇူလိုင် ၂၂**
ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ခြောက်ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ရွှေကျင်မြို့နယ်နှင့် မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**


◆ *ရှေ့ဖုံးမှ*

ယနေ့ညနေမှ ဇူလိုင် ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၆ ပေခန့် ရှိနိုင်သည်။


**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**


**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၂-၇-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၃-၇-၂၀၂၅ ရက်နေ့မှ ၂၄-၇-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**



**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၂-၇-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၅-၇-၂၀၂၅ ရက်နေ့မှ ၂၆-၇-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**



**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၂-၇-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၇-၇-၂၀၂၅ ရက်နေ့မှ ၂၈-၇-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**



# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်

**မုံရွာ ဇူလိုင် ၂၂**

၂၀၂၅ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅) နှစ်အောက် အမျိုးသား ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့ ညနေပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး /ခရိုင် / မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်နည်းပြများ နှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာသူများက ဗိုလ်လုပွဲစဉ်အဖြစ် ကလေးခရိုင် ဖူဆယ်အသင်းနှင့် ရွှေဘိုခရိုင် ဖူဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးရာ ကလေးခရိုင်အသင်းမှ လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရရှိသည့် ကလေးခရိုင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုငွေကျပ် ငါးသိန်းနှင့် တံခွန်စိုက်ဆုအား ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးက ဒုတိယဆုရရှိသည့် ရွှေဘိုခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုငွေကျပ် သုံးသိန်းအား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားသူကြီးချုပ်က ပူးတွဲတတိယဆုရရှိသည့် မုံရွာခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ် နှစ်သိန်းကို လည်းကောင်း၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပူးတွဲတတိယဆုရရှိသည့် စစ်ကိုင်းခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ် နှစ်သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တိုင်းဒေသကြီးဥပဒေချုပ်တို့က နေရာအလိုက် အကောင်းဆုံးဆုများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဆုတံဆိပ်များအား ပေးအပ်ချီးမြှင့်ကြပြီး ငါးသိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



တိုင်းဒေသကြီးအတွင်းရေးမှူးက ပထမဆုရရှိခဲ့သည့် ကလေးခရိုင်အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေကျပ်

## (၁၇)ကြိမ်မြောက် အာဆီယံငါးလုပ်ငန်းအတိုင်ပင်ခံဖိုရမ်ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၂**

(၁၇) ကြိမ်မြောက် အာဆီယံ ငါးလုပ်ငန်း အတိုင်ပင်ခံဖိုရမ်နှင့် (၃၃) ကြိမ်မြောက် အာဆီယံ ငါးလုပ်ငန်းဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဇူလိုင် ၂၂ ရက်မှ ၂၅ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် အလှည့်ကျလက်ခံကျင်းပလျက်ရှိရာ ယနေ့ နံနက်ပိုင်းက (၁၇) ကြိမ်မြောက် အာဆီယံငါးလုပ်ငန်းအတိုင်ပင်ခံဖိုရမ် (The 17th Meeting of the ASEAN Fisheries Consultative Forum) ကို ရန်ကုန်မြို့ Summit Parkview ဟိုတယ် Ball room ၌ ကျင်းပသည်။



ဖွင့်ပွဲ အခမ်းအနားတွင် မလေးရှားနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနမှ Mr. Nazri Bin Ishak နှင့် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက်ဖိုရမ်ကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးနှင့် ပူးတွဲသဘာပတိအဖြစ် ဖိလစ်ပိုင်နိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနမှ Ms. Maria Abegail Albala–dejo တို့က ဆောင်ရွက်ကြသည်။

အာဆီယံဒေသအတွင်း ငါးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ကို အထောက်အကူပြုရန် ရည်ရွယ်ပြီး အာဆီယံဒေသတွင်း နိုင်ငံများ၏ ငါးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ဆွေးနွေးညှိနှိုင်းသည့် အာဆီယံငါးလုပ်ငန်း အတိုင်ပင်ခံဖိုရမ်ကို ပြုလုပ်ရခြင်း ဖြစ်ကြောင်း သိရသည်။

ဖိုရမ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ငါးဖမ်းစွမ်းအား ထိန်းချုပ်ခြင်းနှင့် ဇုန်စနစ်ဖြင့် သတ်မှတ်ဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့သော အသေးစားငါးလုပ်ငန်းများ ဖြစ်ပေါ်လာရေး၊ ငါးသယံဇာတ ပြန်လည်တိုးပွားရေးအတွက် မြှင့်တင်ဆောင်ရွက်ခြင်း၊ ငါးလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းအပေါ် ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှု၊ တရားမဝင် ငါးဖမ်းဆီးမှုများ တိုက်ဖျက်ခြင်းနှင့် ရေထွက်ကုန်များ နောက်ကြောင်းခြေရာခံသည့် စနစ်ဆောင်ရွက်ခြင်း စသည့် ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါဆွေးနွေးချက်ရလဒ်များကို ဇူလိုင် ၂၃ ရက် မှ ၂၅ ရက်အထိ ကျင်းပမည့် အာဆီယံဒေသတွင်း ငါးလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အစည်းအဝေးတွင် ဆွေးနွေးတင်ပြသွားမည် ဖြစ်သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ၊ SEAFDEC နှင့် ငါးလုပ်ငန်း မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး စင်ကာပူနိုင်ငံ ကိုယ်စားလှယ်များက အွန်လိုင်းဖြင့် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံ့ဝန်ထမ်းပင်စင်စား(အငြိမ်းစား)များအား Biometric အချက်အလက်နှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိ

**မြစ်ကြီးနား ဇူလိုင် ၂၂**

နိုင်ငံ့ဝန်ထမ်း ပင်စင်စား(အငြိမ်းစား)များအား ဇီဝဆိုင်ရာအချက်အလက်များ (Biometric) ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းမှ စတင်၍ မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကချင်ပြည်နယ်ဦးစီးမှူးရုံး၌ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်တင်နှင့် မြို့နယ်ဦးစီးမှူး ဦးတင်လှကြည်တို့ ဦးဆောင်မှုဖြင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်း ပင်စင်စား(အငြိမ်းစား) ၈၀ ကျော်အား ဇီဝဆိုင်ရာအချက်အလက်များ (Biometric) ကောက်ယူခြင်းနှင့် UID နံပါတ်များ ဆောင်ရွက်ပေးပြီး ပင်စင်စား(အငြိမ်းစား)များအား ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## နွေစပါးရိတ်သိမ်းနေမှုနှင့် မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေများ ကွင်းဆင်းကြည့်ရှု

**တောင်ကြီး ဇူလိုင် ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာ ရောင်နီဦးလယ်ယာနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းနှင့် မိုင်းပျိုးကျေးရွာအုပ်စု ကြေးထက်ကျေးရွာ၊ မြပုလဲလယ်ယာနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းများ၏ နွေစပါးရိတ်သိမ်းနေမှုများအား ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။



ထို့နောက် ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပန်းတိုင်အထွက်နှုန်းရရှိအောင်ဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး အသင်းသားတောင်သူ ဒေါ်သန်းဝင်း၏ GW – 11 စံပြစိုက်ကေ စိုက်ပျိုးထားမှုနှင့် ညောင်ရွှေမြို့နယ် မိုးစပါးလျာထားချက် ပြည့်မီအောင် စိုက်ပျိုးထားမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# ပြိုင်တယ်ဆို နိုင်မှကြိုက်ကြတာမို့

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး ကျင်းပမယ့်ရက်က တစ်စထက်တစ်စ နီးကပ်လာနေပါပြီ။ အခုလလက်ကျန်ရက်တွေကို ဖယ်လိုက်ရင် ကြားမှာ လေးလသာ ကျန်ပါတော့တယ်။ ဒါကြောင့် အချို့အားကစားအဖွဲ့ချုပ်တွေက အပြီးသတ်လူရွေးချယ်တာ၊ အားကစားသမားတွေရဲ့ အရည်အသွေးတွေကို ဆန်းစစ်တာတွေ လုပ်နေကြတာ တွေ့ရပါတယ်။ အားကစားအဖွဲ့ချုပ်အလိုက် လူရွေးချယ်တဲ့အလုပ်ကို ဒီလ(ဇူလိုင်လ)ကုန်မှာ အပြီးလုပ်ပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို အချိန်မီ တင်ပြကြရမှာဖြစ်သလို ဝန်ကြီးဌာနကလည်း အိမ်ရှင်နိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံကို ပြိုင်ပွဲဝင် အားကစားသမားတွေရဲ့ အမည်စာရင်းတွေ အချိန်မီပေးပို့သွားရမှာ ဖြစ်တယ်လို့ သိရပါတယ်။

**သာထူး**

ဒီနှစ်ကျင်းပမယ့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (SEA Game) ကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမှာဖြစ်ပြီး အားကစားနည်းပေါင်း ၅၃ နည်းကို ဘန်ကောက်၊ ချွန်ဘူရီနဲ့ ဆောင်ခလာ မြို့သုံးမြို့မှာ နေရာခွဲပြီး ကျင်းပသွားမှာပါ။ မြန်မာနိုင်ငံအနေနဲ့ကတော့ အားကစားနည်းပေါင်း ၄၀ မှာ ဝင်ရောက်ယှဉ်ပြိုင်သွားဖို့အတွက် စခန်းသွင်းပြင်ဆင်လေ့ကျင့်နေကြတယ်လို့ သိရပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ နှလုံးသွင်းထားကြရမှာက ပြိုင်ပွဲဝင်နိုင်ငံတိုင်း၊ အားကစားသမားတိုင်း၊ အားကစားအသင်းအဖွဲ့တိုင်းက မိမိတို့အနိုင်ယူအောင်ပွဲခံနိုင်ဖို့ အစွမ်းကုန် ကြိုးစားပြင်ဆင်လေ့ကျင့်နေကြတာဖြစ်လို့ ပြိုင်ပွဲက မကြေညာထားဘဲ အခုချိန်ကတည်းက စတင်ယှဉ်ပြိုင်နေကြပြီဆိုတာပါပဲ။ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်စုဖွဲ့တာ၊ လေ့ကျင့်တာ၊ စီမံချက်ရေးဆွဲတာ၊ နည်းဗျူဟာချမှတ်တာ စသဖြင့် စနစ်တကျ၊ ညီညီညွတ်ညွတ်၊ တက်တက်ကြွကြွ၊ ပံ့ပိုးမှုကောင်းကောင်း၊ အားပေးမှုကောင်းကောင်း ဆောင်ရွက်ကြခြင်းဖြင့် အခြေခံအကြောင်းတရားတွေ ပေါင်းစုံတဲ့အခါ အကောင်းဆုံးသော ရလဒ်၊ အမြင့်ဆုံးသော အောင်ပွဲတွေ ဆွတ်ခူးနိုင်ကြမှာဖြစ်ပါတယ်။

အနီးဆုံးပြိုင်ပွဲကို ပြန်ကြည့်ရင် ၂၀၂၃ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံမှာ ကျင်းပခဲ့တဲ့ (၃၂)ကြိမ်မြောက် ဆီးဂိမ်းမှာ အားကစားနည်း ၃၆ နည်း ထည့်သွင်းကျင်းပခဲ့တဲ့အနက် မြန်မာနိုင်ငံက အားကစားနည်း ၁၉ နည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အားကစားသမားပေါင်း ၃၄၁ ဦး၊ အုပ်ချုပ်နည်းပြ ၁၀၄ ဦး စုစုပေါင်း ၄၄၅ ဦး သွားရောက် ယှဉ်ပြိုင်ခဲ့ကြရာမှာ ရွှေ ၂၁ ခု၊ ငွေ ၂၅ ခုနဲ့ ကြေး ၆၈ ခု ဆုတံဆိပ် ၁၁၄ ခု ရယူပေးနိုင်ခဲ့တာမို့ ၁၉၈၁ ခုနှစ် နောက်ပိုင်း (နှစ်ပေါင်း ၄၀ ကျော်အတွင်း) အခြားနိုင်ငံတွေမှာ ကျင်းပတဲ့ ဆီးဂိမ်းပြိုင်ပွဲတွေမှာ မြန်မာအားကစားအဖွဲ့တွေ ရွှေ၊ ငွေ၊ ကြေး အများဆုံး ရယူပေးနိုင်ခဲ့တဲ့ မှတ်တမ်းဝင်ခဲ့ပါတယ်။ (၃၂)ကြိမ်မြောက် ဆီးဂိမ်းမှာ နိုင်ငံအလိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်သူဦးရေကို ပြန်ကြည့်ရင် ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၁၁ နိုင်ငံက ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၆၂၁၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အိမ်ရှင် ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ထိုင်းတို့က ပြိုင်ပွဲဝင်သူ ၈၀၀ ကျော်စီ၊ ဗီယက်နမ်က ၇၀၀ ကျော်၊ မလေးရှားက ၆၀၀ ကျော်၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူတို့က ၅၀၀ ကျော်စီနဲ့ မြန်မာက ၃၄၁ ဦး ယှဉ်ပြိုင်ခဲ့ကြတာဖြစ်ပါတယ်။



၂၀၂၄ ခုနှစ် ဒီဇင်ဘာလကကျင်းပသည့် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ သတင်းစဉ်

မြန်မာနိုင်ငံအနေနဲ့ ဆီးဂိမ်းပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ အားကစားသမား အရေအတွက်နဲ့ ဆုတံဆိပ်ရရှိမှု ရာခိုင်နှုန်းတွက်ချက်မှုအရ ပြီးခဲ့တဲ့ (၃၂) ကြိမ်မြောက် ကမ္ဘောဒီးယားဆီးဂိမ်းမှာ ၃၃ ဒသမ ၄၃ ရာခိုင်နှုန်းရရှိခဲ့ပြီး (၂၇)ကြိမ်မြောက် ဆီးဂိမ်းနောက်ပိုင်း အမြင့်ဆုံးသော အောင်မြင်မှုကို ရရှိနိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ အဲဒီတုန်းက မြန်မာ အမျိုးသား၊ အမျိုးသမီးဘောလုံးနှစ်သင်းစလုံး အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ကြပါတယ်။ မြန်မာအမျိုးသမီး ဘောလုံးအသင်းဆိုရင် အာဆီယံရဲ့အင်အားကြီးဖြစ်တဲ့ ထိုင်းနိုင်ငံအမျိုးသမီးဘောလုံးအသင်းကို ၂ ဂိုး အရှုံးနဲ့ နောက်ကလိုက်ကစားပြီး ပွဲအပြီးမှာ ၄ ဂိုး-၂ ဂိုးနဲ့ အနိုင်ယူနိုင်ခဲ့တာကိုလည်း အမှတ်ရနေကြဦးမှာပါ။ ဗိုလ်လုပွဲမှာတော့ ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းကို ၂ ဂိုး- ၁ ဂိုးနဲ့ အရေးနိမ့်ခဲ့ပြီး ငွေဆုနဲ့ နှစ်သိမ့်ခဲ့ရတာမို့ လက်ရှိမှာတော့ မြန်မာအမျိုးသမီးဘောလုံးအသင်းဟာ အာဆီယံရဲ့ ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။

ဆီးဂိမ်းပြိုင်ပွဲတွေမှာ ဆုတံဆိပ်ရရှိမှုဟာ အားကစားနည်းအလိုက် ပြိုင်ပွဲဝင်နိုင်တဲ့ အရေအတွက်နဲ့ အားကစားသမားတွေရဲ့ အရည်အသွေးတို့အပေါ်မှာမူတည်နေတာမို့ အားကစားအမျိုးအစားတိုင်းမှာ ဝင်ပြိုင်နိုင်မယ်၊ ကိုယ့်ရဲ့ အားကစားသမားတွေ အားလုံး အရည်အသွေးမြင့်မားကြမယ်၊ စံချိန်ကောင်းကြမယ်ဆိုရင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်တွေလည်း ပိုမိုရရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် ဆီးဂိမ်းရဲ့ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု တန်းစီဇယားမှာ ထိပ်ဆုံးပိုင်းကို ရောက်ရှိဖို့ဆိုရင် အားကစားသမားကောင်းတွေ ပိုမိုပြုစုပျိုးထောင်ဖို့၊ ပြိုင်ပွဲအားလုံးမှာ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့နဲ့ ပြိုင်ပွဲတိုင်း ဆုတံဆိပ်တွေ ဆွတ်ခူးနိုင်ဖို့ ရေရှည်မျှော်မှန်းချက်နဲ့ စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

အခုလာမယ့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းအတွက် မြန်မာနိုင်ငံရဲ့ ကြိုတင်ပြင်ဆင်မှုဟာ ပြီးခဲ့တဲ့နှစ်က နေပြည်တော်မှာ တခမ်းတနားကျင်းပခဲ့တဲ့ ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ပဲ ဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့ကနေ ၂၀ ရက်နေ့အထိကျင်းပခဲ့တဲ့ ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာ အားကစားသမားပေါင်း ၁၂၀၀၀ လောက်နဲ့ အားကစားနည်း ၂၃ မျိုး ယှဉ်ပြိုင်ခဲ့ကြတာဖြစ်ပြီး ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ဖူဆယ်၊ ရိုးရာခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ ဂေါက်သီး၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ်၊ အလေးမ၊ ရေကူး၊ ကြက်တောင်၊ ဘိလိယက်စနူကာ၊ ကာယဗလနဲ့ ကာယကြံ့ခိုင်မှု၊ ဂျူဒို၊ ကရာတေး၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ ဗိုဗီနမ်၊ မြန်မာ့သိုင်း၊ လက်ဝှေ့စတဲ့ အားကစားနည်းတွေ ပါဝင်ပါတယ်။ အမျိုးသားအားကစားပွဲတော်ကြီးက လက်ရွေးစင်အဆင့်မီ အားကစားသမားတွေ ပေါ်ထွက်လာပြီး စံချိန်သစ်တင်နိုင်ခဲ့တဲ့ အားကစားနည်းတွေလည်း ရှိခဲ့ပါတယ်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်ကနေ ၂၀ ရက်အထိ ကျင်းပခဲ့တဲ့ အမျိုးသားအားကစားပွဲတော်ဟာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်ကနေ ၂၀ ရက်အထိ ကျင်းပမယ့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းကို အဓိက ဦးတည်ချက်ထားခဲ့တာဖြစ်ပြီး အချိန်ကာလအားဖြင့် တစ်နှစ်တိတိကွာပါတယ်။ အမျိုးသားအားကစားပွဲတော်ကထွက်ပေါ်လာတဲ့ စံချိန်ရှင်တွေ၊ လက်ရွေးစင်အားကစားသမားတွေကို ဆက်လက်လေ့ကျင့်ပေးပြီး (၃၃)ကြိမ်မြောက် ဆီးဂိမ်းမှာ ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်တဲ့အတွက် ပြင်ဆင်မှုကောင်းမွန်ပြီး ရလဒ်ကောင်းတွေ ပိုမိုပေါ်ထွက်လာမယ်လို့ မျှော်လင့်ရပါတယ်။ ကိုယ့်စိတ်အလိုကျဆိုရရင် မြန်မာအားကစားသမားတွေ ပြိုင်ပွဲတိုင်းမှာ ရွှေဆုကိုသာ မလွဲမသွေ ရယူကြလိမ့်မယ်လို့ ရဲရဲတင်းတင်း ပြောလိုက်ချင်တာပါ။

အားကစားဆိုတာဟာ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှု၊ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုနဲ့ ကျွမ်းကျင်မှုတွေကို လေ့ကျင့်မှုတွေနဲ့ အစွမ်းကုန်မြှင့်တင်ပြီး ယှဉ်ပြိုင်ကြရတဲ့ ဖျော်ဖြေမှုတစ်ရပ်လို့ ယေဘုယျအဓိပ္ပာယ်ဖွင့်ဆိုထားတာကို တွေ့ရပါတယ်။ ဒါပေမယ့် အားကစားပွဲတွေကို နိုင်ငံအလိုက်၊ နိုင်ငံ့ကိုယ်စားပြု စသဖြင့် ယှဉ်ပြိုင်ကြတဲ့အခါ အနက်အဓိပ္ပာယ်နဲ့ အကျိုးသက်ရောက်မှုဟာ ဒီထက်များစွာပိုပြီး နက်ရှိုင်း ကျယ်ဝန်းသွားပါတယ်။ အားကစားယှဉ်ပြိုင်မှုတွေက စစ်ပွဲတွေပမာဖြစ်သွားပါတယ်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တွေကို အခြေခံရတာ၊ နည်းလမ်းပေါင်းစုံနဲ့ အနိုင်ရအောင် တိုက်ရတာချင်းတူပေမယ့် ကျန်တာတွေကတော့ ဆန့်ကျင်ဘက်ပါ။ အားကစားသည်အပြု၊ စစ်သည်အဖျက်။ အားကစားသည် ချစ်ကြည်ရင်းနှီးမှု၊ စစ်သည် မုန်းတီးနာကြည်းမှု၊ အားကစားသည်ငြိမ်းချမ်းရေး၊ စစ်သည် ပျက်သုဉ်းရေး၊ အားကစားသည် အပေါင်းလက္ခဏာသဘော၊ စစ်သည် အနုတ်လက္ခဏာသဘော စသည်ဖြင့် ဆန့်ကျင်ခြားနားပါတယ်။

အားကစားမှာ ယှဉ်ပြိုင်ခြင်းသည် အဓိကဆိုပေမယ့် ဒါက ကျင့်ဝတ်သဘောသာ ပြောခြင်းဖြစ်ပါတယ်။ လက်တွေ့မှာတော့ ပြိုင်ပွဲဝင်အားကစားသမားတွေရော၊ အားပေးကြတဲ့ ပရိသတ်တွေပါ အောင်ပွဲကိုပဲ လိုချင်ကြတာပါ။ အနိုင်ရမှ အားရကြတာပါ။ အနိုင်ယူနိုင်မှ အားပေးကြတာလည်း သဘာဝပါ။ ဘောလုံး၊ ဘော်လီဘော၊ လက်ဝှေ့၊ ရေကူး၊ ပြေးခုန်ပစ် စတဲ့ အားကစားတွေမှာ မြန်မာအားကစားသမားတွေ အရှေ့တောင်အာရှအဆင့်၊ အာရှအဆင့် စသဖြင့် အောင်မြင်မှုတွေရခဲ့တဲ့အချိန်တုန်းက မြန်မာတွေအားကစားကို အားပေးခဲ့ကြပါတယ်။ မြန်မာ့အားကစားအတွက် မြန်မာတွေ ဂုဏ်ယူခဲ့ကြရပါတယ်။ မြန်မာ့ဂုဏ်ဆောင်အားကစားသမားတွေဟာလည်း မြန်မာတို့အဖို့ ဟီးရိုးတွေဖြစ်ခဲ့ကြပါတယ်။ ဒါပေမယ့် မြန်မာ့အားကစားရွှေခေတ်ဟာ ရာစုနှစ်ဝက်လောက်မှာ ကျန်ရစ်ခဲ့ရပါတယ်။ အားကစားပရိသတ်တွေအဖို့လည်း ကြားကာလနှစ်တွေမှာ တစ်ခါတစ်ခါ ရတတ်တဲ့ အောင်ပွဲတချို့တလေနဲ့ပဲ နှစ်သိမ့်နေခဲ့ကြရတာ ဖြစ်ပါတယ်။ အထူးသဖြင့် မြန်မာပရိသတ်တွေ သည်းသည်းလှုပ်အားပေးကြတဲ့ ဘောလုံးအားကစားနည်းမှာ မြန်မာအမျိုးသား၊ အမျိုးသမီးအသင်းတွေကို အရှေ့တောင်အာရှရဲ့ ထိပ်ဆုံးနေရာတွေမှာ တွေ့ချင်၊ မြင်ချင်ကြတဲ့ အာသီသဟာ ကြီးမားပါတယ်။

(၃၃)ကြိမ်မြောက် ဆီးဂိမ်းမှာ မြန်မာနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်မယ့် အားကစားနည်းတွေဟာ (၃၂) ကြိမ်မြောက် ဆီးဂိမ်းထက် နှစ်ဆကျော်ပိုမိုများပြားလာသလို အားကစားသမားတွေနဲ့ အုပ်ချုပ်သူ နည်းပြများလည်း ပိုမိုများပြားလာမှာ ဖြစ်ပါတယ်။ အရေအတွက်အားဖြင့် ပိုမိုများပြားတဲ့နည်းတူ အရည်အသွေးမြင့်မားတဲ့ အားကစားသမားတွေဖြစ်အောင်၊ ပြိုင်ပွဲတိုင်းမှာ အောင်ပွဲခံနိုင်အောင် အဘက်ဘက်က ကြိုတင်ပြင်ဆင် ဖြည့်ဆည်းကြပြီး အောင်စိတ်ကို အမြင့်ဆုံးမှာ မြှင့်တင်ထားကြရမှာလည်း ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အဘက်ဘက်က ဖြည့်ဆည်းစီမံဆောင်ရွက်ပေးမှု၊ နိုင်ငံသူ နိုင်ငံသားအားလုံးရဲ့ အမြင့်မားဆုံးသောအားပေးမှုတွေနဲ့အတူ (၃၃) ကြိမ်မြောက် ဆီးဂိမ်းမှာ သမိုင်းတစ်ခုရေးထိုးနိုင်ကြရအောင် အချိန်ရှိခိုက် လုံ့လဝီရိယစိုက်ကြပါစို့ရဲ့ဗျား။ ။

> “အားကစားဆိုတာဟာ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုနဲ့ ကျွမ်းကျင်မှုတွေကို လေ့ကျင့်မှုတွေနဲ့ အစွမ်းကုန်မြှင့်တင်ပြီး ယှဉ်ပြိုင်ကြရတဲ့ ဖျော်ဖြေမှုတစ်ရပ်လို့ ယေဘုယျအဓိပ္ပာယ်ဖွင့်ဆိုထားတာကို တွေ့ရပါတယ်။ ဒါပေမယ့် အားကစားပွဲတွေကို နိုင်ငံအလိုက်၊ နိုင်ငံ့ကိုယ်စားပြု စသဖြင့် ယှဉ်ပြိုင်ကြတဲ့အခါ အနက်အဓိပ္ပာယ်နဲ့ အကျိုးသက်ရောက်မှုဟာ ဒီထက်များစွာ ပိုပြီးနက်ရှိုင်းကျယ်ဝန်းသွားပါတယ်။ အားကစားယှဉ်ပြိုင်မှုတွေက စစ်ပွဲတွေပမာဖြစ်သွားပါတယ်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တွေကို အခြေခံရတာ၊ နည်းလမ်းပေါင်းစုံနဲ့အနိုင်ရအောင် တိုက်ရတာချင်းတူပေမယ့် ကျန်တာတွေကတော့ ဆန့်ကျင်ဘက်ပါ။ အားကစားသည် အပြု၊ စစ်သည် အဖျက်။ အားကစားသည် ချစ်ကြည်ရင်းနှီးမှု၊ စစ်သည် မုန်းတီးနာကြည်းမှု၊ အားကစားသည် ငြိမ်းချမ်းရေး၊ စစ်သည် ပျက်သုဉ်းရေး၊ အားကစားသည် အပေါင်းလက္ခဏာသဘော၊ စစ်သည် အနုတ်လက္ခဏာသဘောစသည်ဖြင့် ဆန့်ကျင်ခြားနားပါတယ် ”

# ဘားအံမြို့နယ်အတွင်း စွမ်းအားပြည့်မွေးမြူစိုက်ပျိုးထုတ်လုပ်နိုင်ရေး တောင်သူစည်းရုံး ပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ဘားအံ ဇူလိုင် ၂၂**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့နယ် အိန္ဒဲကျေးရွာ ရှမ်းစုရပ်ရှိ တောင်သူ ဦးဆလွန်း၏ ဒေသန္တွားရှေ့နီမျိုး မွေးမြူရေးခြံနှင့် တွဲဖက်၍ ဒေသဆိတ်များ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး အသားနှင့်နို့ တိုးချဲ့မွေးမြူထုတ်လုပ်နိုင်ရေး မှာကြားကာ တိရစ္ဆာန်သုံး ဆေးဝါးများနှင့် အာဟာရဆားခဲများကို အခမဲ့ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဘားအံမြို့နယ် ကော့သင်းရှူးကျေးရွာ ကွင်းအမှတ် ၁၁၆၇ ရှိ တောင်သူဦးချမ်းအေး၏ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း၌ ကော့သင်းရှူး၊ နောင်လုံအနောက်၊ ကော့မကယ်အိန္ဒဲနှင့် လှိုင်ကားကျေးရွာတို့မှ တောင်သူများအား မြေအသုံးချရေးဌာန(ခွဲ)မှ တာဝန်ရှိသူများက မြေဆီဩဇာ တိုးတက်ကောင်းမွန်စေသော ခရအမိုင်နိုအက်စစ် ပြုလုပ်သုံးစွဲနည်းနှင့် အီးအမ်ဘိုကာရှီမြေဆွေး ပြုလုပ်သုံးစွဲနည်းများကို လက်တွေ့ ပြုလုပ်ပြသနေမှုကို ကြည့်ရှုအားပေးပြီး ပြန်လည်ပြုလုပ်သုံးစွဲကြမည့် တောင်သူများအား အီးအမ်(အပြင်း)ရည်များကို အခမဲ့ ဖြန့်ဝေပေးအပ်သည်။

ယင်းနောက် အဆိုပါမိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း ခြောက်ကေအတွင်း ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ အချိုးကျရောနှော ကြဲပက်ခြင်းနှင့် ထမ္မတိုင်ကွင်းရှိ မိုးစပါးစိုက်ပျိုးမည့်လယ်မြေများကို Kubota 50 ထွန်စက် နှစ်စီးဖြင့် မြေယာထွန်ယက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး မိုးစပါးအထွက်နှုန်း တိုးတက်ရေးအတွက် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ လိုအပ်သည့်သွင်းအားစုများ ဖြည့်ဆည်းပေးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဘားအံမြို့နယ် ကော့သင်းရှူးကျေးရွာ ကွင်းအမှတ် ၁၁၆၇ ရှိ တောင်သူဦးအေးဝင်း၏ မိုးစပါးစိုက်ခင်း၌ ပြုလုပ်သည့် သဘာဝမြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာ အချိုးကျရောစပ်စုပေါင်းကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက်၍ မိုးစပါးအထွက်နှုန်းတိုးတက်ရေး နည်းပညာပေးစံပြစိုက်ခင်းများ၊ မိုးစပါးထွန်ယက်စိုက်ပျိုးနေမှုနှင့် မြေဩဇာရောစပ်ကြဲပက်နေမှုတို့ကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ





**နေပြည်တော် ဇူလိုင် ၂၂**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် စတုရက္ခိတ(မိတ္ထီလာ)ကျောင်းတိုက်၌ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြား၍ ကော်မရှင်ရုံးအဖွဲ့နှင့် တာဝန်ရှိသူများထံ ရတနာတန်းဝင်ကျွန်းပင်များ လွှဲပြောင်းပေးအပ်ပြီး သတ်မှတ်နေရာ၌ ရတနာတန်းဝင်ကျွန်းပင်ကို စတင်စိုက်ပျိုးပေးကာ ကော်မရှင်အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင် ၃၅၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လှိုင်းဘွဲမြို့နယ်၌ မြေလမ်းမှကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**လှိုင်းဘွဲ ဇူလိုင် ၂၂**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် နောင်ဘိုကြီး ကျေးရွာအုပ်စု နောင်ဘိုကြီး - ရွာကိုင်းကောင်း ကျေးရွာချင်းဆက်လမ်း မြေလမ်းမှ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ကရင်ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မြေလမ်းမှ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို တာဝန်ရှိသူများက ယမန်နေ့က ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ကရင်ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၃၃၆ ဒသမ ၃၃၄ သန်းဖြင့် လမ်းအရှည် (၀/၄ ဒသမ ၅)မိုင်၊ အကျယ် ၁၂ ပေ၊ ၁၃ လက်မဒုရှိ နောင်ဘိုကြီး - ရွာကိုင်းကောင်း ကျေးရွာချင်းဆက်လမ်းမြေလမ်းမှ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) တာဝန်ခံ ဒေါ်ဝင်းဝင်းသန်းနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ရုံးချုပ်၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာန၊ (ကရင်ပြည်နယ် တာဝန်ခံ)တို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ထားဝယ်မြို့၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**ထားဝယ် ဇူလိုင် ၂၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် သစ်တောဦးစီးဌာနနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့ပူးပေါင်း၍ ပင်လယ်ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်ခြင်း(ICM) ပထမ(၅)နှစ်စီမံချက်အရ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲဝင်းအောင်က မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့် အကြောင်းရင်းများ၊ မီးခိုးမြူငွေ့အမျိုးအစားများ၊မီးခိုးမြူငွေ့၏ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ Fire Hotspot များ နှင့် သစ်တောများ ထိန်းသိမ်းခြင်းဖြင့် သဘာဝဘေးအန္တရာယ်များ လျှော့ချနိုင်မှုနှင့် ကြိုတင်ကာကွယ်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် သစ်ပင်စိုက်ပျိုး၊ ပြုစုခြင်းနည်းစနစ်များ၊ သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေး ဟောပြောသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး တက်ရောက်လာသူများအား သစ်ပင်စိုက်ပျိုးမှုလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# ထန်းတပင်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြော

**ထန်းတပင်(ပဲခူး) ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ထန်းတပင်) ပင်လုံခန်းမ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ စာသင်ကျောင်းအခြေပြု သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် အသိပညာပေးဟောပြောပွဲနှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ယနေ့ နံနက် ၉ နာရီခွဲက ဆောင်ရွက်သည်။



အဆိုပါ အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်များကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဒေသအလိုက် စိုက်ပျိုးရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေး

**တောင်ငူ ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက တောင်ငူခရိုင်အတွင်း ဒေသအလိုက် စိုက်ပျိုးရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ငှက်ပျောတောကျေးရွာအုပ်စု ဝွေးတောက်ခင်ကျေးရွာရှိ 24 Hours Co., Ltd မှ ရိုဘက်စတာကော်ဖီ စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ရာ ရှင်းလင်းဆောင်၌ နှစ်ရှည်သီဟိုဋ်စိုက်ခင်း ဧရိယာအတွင်း ရိုဘက်စတာကော်ဖီ ဧက ၃၀၀ စိုက်ပျိုးစီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရိုဘက်စတာကော်ဖီသည် ပြည်ပဈေးကွက် ရရှိထားပြီးဖြစ်၍ သတ်မှတ်ဧက ပြည့်မီစွာ စိုက်ပျိုးသွားရန် ညွှန်ကြားပြီး ဆက်လက်စိုက်ပျိုးနိုင်ရေး ပျိုးထောင်ထားရှိသည့် ကော်ဖီပျိုးပင်များနှင့် စိုက်ပျိုးပြီး ကော်ဖီပင်များကို လှည့်လည်ကြည့်ရှုသည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖြူးမြို့နယ် မင်းကံရိုးကျေးရွာအုပ်စုရှိ မိုးစပါးမျိုးစေ့ထုတ် တစ်ကွင်းတစ်ဆက်တည်း ၂၇ ဧက စပေါင်းမြေဩဇာကြဲပက်နေမှုနှင့် ပေါင်းမြက်ရှင်းလင်းနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုး၊ မြေ၊ ရေ၊ နည်း အခြေခံ(၄)ချက်၏ အရေးပါပုံ၊ သီးနှံစိုက်စွမ်းအား တိုးတက်စေရေး မြေလပ်မရှိ စိုက်ပျိုးသွားရန်၊ သီးထပ်စွမ်းအား တိုးတက်စေရေး ကြိုးစားဆောင်ရွက်ရန်နှင့် ဓာတ်မြေဩဇာကို သဘာဝမြေဩဇာနှင့် အချိုးကျတွဲဖက်သုံးစွဲရန် ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အသိပညာပေးခြင်းများ ပြောကြားပြီး ဒေသခံတောင်သူများအတွက် သွင်းအားစုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း လှည့်လည်ကြည့်ရှု

**ရန်ကုန် ဇူလိုင် ၂၂**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် တောင်ဒဂုံမြို့နယ်အတွင်းရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်း(စိုက်မွေး)သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဥပဓိရုပ် ကောင်းမွန်ရေး၊ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေး၊ ကျောင်းဆောင်များ၊ သင်ကြားသင်ယူမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ စနစ်တကျရှိစေရေး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် အခြေခံပညာအလယ်တန်းကျောင်း (မြန်မာ့သားကောင်း) နှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ ဒဂုံမြို့သစ်ခရိုင် (ဆိပ်ကမ်း) မြို့နယ်ရှိ ကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေး၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စေရေးတို့အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော်ရှိ ယုဇနအလင်း ကိုယ်ပိုင်အထက်တန်းကျောင်းသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ပုဂ္ဂလိကနှင့် ကိုယ်ပိုင်ကျောင်းများအားလုံး သတ်မှတ်ထားသည့်ရက်များတွင် ကျောင်းသား ကျောင်းသူများ တန်းစီပြီး နိုင်ငံတော်အလံ အလေးပြုခြင်း၊ နိုင်ငံတော်သီချင်းနှင့် မြန်မာ့ကျောင်းသီချင်းများ သီဆိုခြင်းဖြင့် ကျောင်းသားကျောင်းသူများ၏ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များ ရှင်သန်ထက်မြက်စေရေး၊ စည်းကမ်းကောင်းမွန်ရေးဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)၏ (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ခေါင်းဆောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု ခြောက်နှစ်ကျော်ကာလအတွင်း အသိပညာပေးဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ဌာနအလိုက် ဆန္ဒဖော်ထုတ်ပွဲများနှင့် တွေ့ဆုံပွဲများကျင်းပပေးပြီး ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်မှုကြောင့် မိမိတို့ဝန်ထမ်းများ အနေဖြင့် အဂတိနှင့်ပတ်သက်ပြီး အတော်အသင့် သိရှိနားလည်နေပြီဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ (CPU)အဖွဲ့ဝင်များက ဌာနအလိုက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို တင်ပြကြရာ (CPU) အဖွဲ့ခေါင်းဆောင်က လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## မြောင်းမြမြို့၌ ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးသရုပ်ပြလေ့ကျင့်

**မြောင်းမြ ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ရေဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး သရုပ်ပြမှုများကို ယနေ့ မွန်းလွဲ ၂ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့၌ ဆောင်ရွက်သည်။



အခမ်းအနားတွင် မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကား ပြောကြားပြီး ခရိုင် / မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး သရုပ်ပြခြင်းနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပူးပေါင်းကူညီကယ်ဆယ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ထို့နောက် မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ လှည့်လည်ကြည့်ရှုသည်။ **ဇေယျာ (မြောင်းမြ)**

## အင်္ဂပူမြို့နယ် ကဇင်းကြီးကျေးရွာ၌ ထွန်တုံးပိတ်ပွဲပြုလုပ်

**အင်္ဂပူ ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မေတ္တာကုန်းကျေးရွာအုပ်စု ကဇင်းကြီးကျေးရွာ၌ ယနေ့နံနက်ပိုင်းက၂၀၂၅ - ၂၀၂၆ ခုနှစ် ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲအခမ်းအနား ပြုလုပ်သည်။

မေတ္တာကုန်းအုပ်စု ကဇင်းကြီးကျေးရွာ ကွင်းအမှတ်(၇၆၉) ဦးပိုင်အမှတ် ၅/၁ ရှိ တောင်သူဦးစောမိုးကြည်၏ လယ်မြေ ၁၅ ဒသမ ၀၀ ဧက၌ ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲ ဆောင်ရွက်မှုကို မြန်အောင်ခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် ကော်မတီဝင်များက ကြည့်ရှုအားပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



# ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ





**နေပြည်တော် ဇူလိုင် ၂၂**

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ မြေပြင်အတတ်သင် လေတပ်စခန်းဌာနချုပ်ဘောလုံးအားကစားကွင်း၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်မှူးနှင့် တပ်မတော် (လေ) မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်မှူးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ အဖွင့်ပွဲစဉ်ဖြစ်သည့် မှော်ဘီလေတပ်စခန်းအသင်းနှင့် တံတားဦးလေတပ်စခန်းအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်းဘောလုံးပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်ရှိ ဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဩဂုတ် ၈ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်စတင်လက်ခံ နောင်ချိုမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၂**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter- Terrorism Operation) ဆောင်ရွက်ကာ ပြန်လည်ထိန်းချုပ်ထားသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်သားများ ပူးပေါင်း၍ ဒေသခံပြည်သူလူထု လုံခြုံရေးနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှု ယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်က နောင်ချိုမြို့အား ပြန်လည်ထိန်းချုပ်ပြီးလျှင်ပြီးချင်း နိုင်ငံတော်ဝန်ကြီးချုပ်၏ ပထမဆုံးလမ်းညွှန်မှာကြားချက်အနေဖြင့် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် အတန်းပညာတတ်မြောက်မှသာ အတတ်ပညာကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်သည့်အတွက် ပညာတတ်များပေါများစေရန် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးတို့ကို ဦးစားပေး ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့ကြောင့် နောင်ချိုမြို့ရှိ အခြေခံပညာကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ကျောင်းအဆောက်အအုံနှင့် ပရိဘောဂပစ္စည်းများ ပြုပြင်ခြင်း၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် မိုင်းအန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်သည်များ ဆောင်ရွက်ပေးမှုနှင့်အတူ ဒေသခံတိုင်းရင်းသား မိဘပြည်သူများ၏ ပူးပေါင်းပါဝင်လာခဲ့မှုကြောင့် ယနေ့တွင် နောင်ချိုမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းနေအရွယ် ကလေးများအား တန်းစဉ်အလိုက် စတင်ကျောင်းအပ်လက်ခံနိုင်ခဲ့ရာ ကျောင်းလာရောက် အပ်နှံနိုင်မှုအနေဖြင့် ကျောင်းသား ကျောင်းသူ ၁၆၅ ဦး ရှိကြောင်းသိရှိရသည်။ အဆိုပါ ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများအား ကျောင်းသား ကျောင်းသူများထံသို့ တစ်ပါတည်း ပေးအပ်ကြသည်။

နောင်ချိုမြို့အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း (သပြေရေ) တို့၌လည်း စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းဝင်းအတွင်း အပြင် သန့်ရှင်းသာယာရေးအတွက် တပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အခြားလိုအပ်သည်များအား ဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်၏ ဒုတိယလမ်းညွှန်ချက်အနေဖြင့် ကျန်းမာရေးဆိုင်ရာ ကိစ္စဖြစ်ပြီး အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် (၂၅) ခုတင်ဆံ့ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံအား မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် အမြန်ဆုံး ပြန်လည်ပြုပြင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်ပေးရန်ဖြစ်သည့်အတွက် အဆိုပါဆေးရုံအား ပြန်လည်ပြုပြင်နေစဉ် ကာလအတွင်း မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပူးပေါင်း၍ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၈၂ ဦးတို့ကို သွေးလွန်တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများနှင့် ကာကွယ်ဆေးထိုးပေးခြင်းများ ဆောင်ရွက်ပေးသည်။

နောင်ချိုမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နောင်ချိုမြို့ ယာယီဆေးရုံ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



နောင်ချိုမြို့ အ.ထ.က (၁) ၌ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်စတင်လက်ခံစဉ်။



နောင်ချိုမြို့၌ ကျောင်းပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



# ကျိုက်မရောမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဗီနိုင်းများ ချိတ်ဆွဲထားမှု ကွင်းဆင်းစစ်ဆေး

**ကျိုက်မရော ဇူလိုင် ၂၂**

ကျိုက်မရောမြို့နယ်၌ ယမန်နေ့က မွန်ပြည်နယ် အခွန်ဦးစီး ဌာနမှူး ညွှန်ကြားရေးမှူး ဦးဂျွန်စိန်ဂီ ဦးဆောင်၍ ကျိုက်မရောမြို့နယ်အခွန် ဦးစီးဌာနမှူး ဦးဝင်းနိုင်နှင့် မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့တို့ ပူးပေါင်းပြီး မြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်သော ဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန် ဆောင်ပါ" ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ချိတ်ဆွဲထားရှိမှု အခြေအနေနှင့် အခွန်အမှတ်တံဆိပ် ကပ်နှိပ်မှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး**

**(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၂၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၉ တွင်ပါရှိသော "ကော့သောင်းမြို့၌ ရှရှားဘာသာစကားပြော (အခြေခံ) သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ" သတင်းတွင် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်မောင်ကြီး ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မြန်မာ့အလင်း**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA အဖွဲ့ဝင် ၁၉ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

**နေပြည်တော် ဇူလိုင် ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိသည်။

ထိုသို့ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့တွင်လည်း DPLA အဖွဲ့ဝင် ၁၉ ဦးတို့သည် ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ယုံကြည်လက်ခံခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်ပြီး နီးစပ်ရာတပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့သည်။

အဆိုပါဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ကနဦးပြောကြားချက်များအရ အများစုသည် ရိုးသားစွာ တောင်ယာလုပ်ငန်းလုပ်ကိုင်နေကြသူများဖြစ်ပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ အတင်းအဓမ္မ ခြိမ်းခြောက်ဖမ်းဆီး၍ လူသစ်စုဆောင်းခံရသူများဖြစ်ပြီး သီပေါမြို့၏ အနောက်ဘက် ၁၀ မိုင်ခန့်အကွာ မန်လွယ်ကျေးရွာအနီးတွင် သင်တန်းတက်ရောက်ခဲ့ကြပြီး သင်တန်းဆင်းသည့်အခါ နယ်မြေအလိုက် အခြေပြုလှုပ်ရှားသည့် ကျေးရွာများ၊ တောတွင်းစခန်းများတွင် အနေဆင်းရဲ၊ အစားဆင်းရဲဖြင့် လူ့အခွင့်အရေးများဆုံးရှုံးကာ နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကို ခံခဲ့ရပြီး အဓမ္မစေခိုင်းချက်အရ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ရကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကို လက်ခံနိုင်ခြင်းမရှိတော့သည့်အတွက် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုသဖြင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်းဝင်ရောက်ရန်အတွက် အင်ကြင်းကုန်းကျေးရွာမှတစ်ဆင့် သုံးဆယ်ကျေးရွာ၊ ထိုမှတစ်ဆင့် လွယ်ခွန်ကျေးရွာ၊ ၎င်းမှတစ်ဆင့် ဇီးဖြူပင်ကျေးရွာလမ်းကြောင်းအတိုင်း ထွက်ခွာလာခဲ့ပြီး နောင်ချိုမြို့နယ် ယင်းငူပင်ကျေးရွာအနီး နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းထံသို့ သတင်းပို့ကာ ယခုကဲ့သို့ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် PDF အမည်ခံအဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်လာမှုအနေဖြင့် ဇူလိုင် ၁၇ ရက်မှ ယနေ့အထိ TNLA အဖွဲ့ဝင် လေးဦး၊ MDY-PDF အဖွဲ့ဝင် ၁၅ ဦးနှင့် DPLA အဖွဲ့ဝင် ၄၁ ဦး ဖြစ်ပြီး လက်နက်မျိုးစုံ ၁၃ လက်နှင့် ကျည်မျိုးစုံ ၁၅၁၅တောင့်၊ ကျည်အိမ် ၁၂ ခုနှင့်အတူ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရသည့်အတွက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျိုင်းတုံမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်ပွဲကျင်းပ

**ကျိုင်းတုံ ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်ပွဲနှင့် မဲပေးစက်လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းအခမ်းအနားကို ဇူလိုင် ၂၂ ရက်က အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း သန်လွင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးတင်လင်းက အမှာစကားပြောကြားပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင်က သင်တန်းသား၊ သင်တန်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် ကျိုင်းတုံခရိုင် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)စက်ဖြင့် အသုံးပြု၍ မဲပေးရခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေး ဆောင်ရွက်ကြသည်။

အဆိုပါ သင်တန်းသို့ ကျိုင်းတုံမြို့နယ်မှ သင်တန်းသား သင်တန်းသူ ၁၃၅၅ ဦး တက်ရောက်ပြီး ဇူလိုင် ၂၁ ရက်မှ ဩဂုတ် ၃၀ ရက်အထိ ၁၅ ကြိမ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



## ပိုလီတက္ကနစ်တက္ကသိုလ်(ပင်လုံ)ကွန်ပျူတာမဟာဌာနတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**လွိုင်လင် ဇူလိုင် ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ရှိ Polytechnic University ( Pang Long ) Faculty of Computing ဘက်စုံသုံးသဘင်ခန်းမ၌ ယနေ့နံနက်ပိုင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပသည်။

ဦးစွာ ပိုလီတက္ကနစ် တက္ကသိုလ်(ပင်လုံ) ကွန်ပျူတာမဟာဌာန ဒုတိယပါမောက္ခချုပ် ဒေါက်တာမြင့်မြင့်ခိုင်က အမှာစကားပြောကြားပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ် ဒုရဲမှူး တင်မောင်မြင့်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ အမှတ် ၁၁၉ ယာဉ်ထိန်းရဲတပ်ဖွဲ့စု ဒုရဲမှူး ကျော်ဇေယျက ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများနှင့် လိုက်နာရမည့်စည်းကမ်းချက်များကိုလည်းကောင်း အသိပညာပေးဟောပြောကြသည်။

**လွိုင်လင်မိုး**

## မိုးဗြဲမြို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်

**ကလော ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် မိုးဗြဲမြို့တွင် ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမြင့်၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက ဖယ်ခုံမြို့သို့ သွားရောက်ပြီး နယ်မြေခံတပ်နယ်တွင် တပ်နယ်မှူးထံသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ထောက်ပံ့လှူဒါန်းသော ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ အသီးအနှံများ၊ Shan United FC မှ ရှေ့တန်းရောက် တပ်မတော်သားများအတွက် ထောက်ပံ့လှူဒါန်းသော ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာပစ္စည်းများအား ပေးအပ်လှူဒါန်းပြီး မိုးဗြဲမြို့သို့ ဆက်လက်ထွက်ခွာရာ ဖယ်ခုံနှင့် မိုးဗြဲအကြား (၁၀) မိုင်အား စက်ယန္တရားများဖြင့် လမ်းဘေးဝဲ/ယာ ရှင်းလင်းဆောင်ရွက်မှုအခြေအနေများ၊ မိုးဗြဲမြို့ကွပ်ကဲရေးရုံး ပြန်လည်တည်ဆောက်မည့်နေရာနှင့် အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သော လျှပ်စစ်တာဝါတိုင်နှစ်တိုင် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းအား လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ နှစ်ပတ်အတွင်းပြီးစီးအောင် စီမံဆောင်ရွက်နေမှုများကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲ အလုံခရိုင်၌ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အလုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ ခရိုင်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို အလုံမြို့နယ် ခရိုင်တရားရုံးရှေ့၌ ယနေ့နံနက် ၇နာရီခွဲက ကျင်းပရာ အလုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်နှင့်ဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲကိုကိုနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာနှင့် ကျောင်းသားကျောင်းသူများက စိုက်ပျိုးခဲ့ကြသည်။



ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် စုစုပေါင်း အပင်၂၅၀ ကျော် စိုက်ပျိုးခဲ့သည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဇူလိုင် ၂၂**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးထစ်ချုန်းပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။

**မိုး/ဇလ**

# ယာယီနေရပ်စွန့်ခွာနေထိုင်ရာမှ လှိုင်ကော်မြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်သူများအား အခြေခံစားသောက်ကုန်များ ပေးအပ်



**လှိုင်ကော် ဇူလိုင် ၂၂**

ယာယီနေရပ်စွန့်ခွာ နေထိုင်ရာမှ လှိုင်ကော်မြို့သို့ ပြန်လည်ဝင်ရောက် နေထိုင်သူများအား အခြေခံ စားသောက်ကုန်များ ချီးမြှင့်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြား၍ ပြန်လည်ဝင်ရောက်နေထိုင်သည့် ထေးသမနှင့် မိုင်းလုံးရပ်ကွက်ရှိ ဒေသခံပြည်သူများအတွက် ဆန်၊ ဆီ အခြေခံစားသောက်ကုန်များကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးများက ဒေါ်ဥခူ၊ နောင်ယား(က)၊ နောင်ယား(ခ)၊ နာနတ်တောရပ်ကွက်များရှိဒေသခံပြည်သူများအတွက် ဆန်၊ ဆီ အခြေခံ စားသောက်ကုန်များကို လည်းကောင်း ပေးအပ်ကြရာ သက်ဆိုင်ရာ ကိုယ်စားလှယ်များက လက်ခံယူကြပြီး ဒေသခံပြည်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး၊ လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေး တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

အခမ်းအနားတွင် ကယားပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ယာယီ နေရပ်စွန့်ခွာရာမှ လှိုင်ကော်မြို့ပေါ်ရှိ ရပ်ကွက်များအတွင်းသို့ ပြန်လည်ဝင်ရောက်နေထိုင်သည့် ပြည်သူ ၇၄၄ ဦးအတွက် ဆန် ၁၈၆ အိတ်နှင့် ဆီ ၃၇၂ ပိဿာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"နိုင်ငံတကာသို့ သံတမန်ခြေလှမ်းသစ်"** ခေါင်းစဉ်ဖြင့် ဇူလိုင်၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"NUG၊ PDFတို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ရွံရှာမုန်းတီးပြီး အမြင်မှန်တွေနဲ့ အတူ အဆက်မပြတ်အလင်းဝင်လာကြတဲ့ PDF လူငယ်များ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့။**

## ၂၀၂၅ ခုနှစ် ဇူလိုင်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် ဇူလိုင် ၂၂**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ်စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "အနာဂတ်ကမ္ဘာစိမ်းလန်းစိုပြည်ဖို့ တစ်ပင်စိုက် တစ်ပင်ရှင်သန်အောင် အလေးထားဆောင်ရွက်စို့" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဇူလိုင်လ) ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၅ ခုနှစ် ဇူလိုင်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ ခင်မောင်အေးတို့၏ "အနာဂတ်ကမ္ဘာစိမ်းလန်းစိုပြည်ဖို့ တစ်ပင်စိုက်တစ်ပင်ရှင်သန်အောင် အလေးထားဆောင်ရွက်စို့" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ ညီညီဖေ၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)၊ ညီမော်သိမ်း၊ ဝင်းထွဋ်ဦးတို့၏ လူငယ်ရေးရာဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ ရွှေသင်(MPP)၊ အေးထွန်းမင်းတို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ မြသဲ (သုတေသန)၊ မြသိန်း၊ ရှင်စောဖြူ တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ ရဲထက်ဇော်၊ မြင့်မောင် (Phil-Q) တို့၏ စီးပွားရေးဆိုင်ရာဆောင်းပါးများ၊ နေ၏ လူကုန်ကူးမှုဆိုင်ရာဆောင်းပါး၊ ဇွန်ရွှေထိုက်၏ မူးယစ်ဆေးဝါးဆိုင်ရာဆောင်းပါး၊ ဒေါက်တာမြင့်သန်း၊ ဒေါက်တာသန်းထွဋ်၊ စိုးစိုး (ပန်းတောင်း)၊ ကိုကိုအောင် (အလုပ်သမား) တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ပါမောက္ခဦးသိန်းလှိုင်၊ ကြည်လွင်ဦး (ရေနံ)၊ ထက်ဝေအောင်(စစ်ကိုင်း)၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ ဆောင်းဝင်းလတ်၊ စိန်ဝင်းမော်၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော် စာအုပ်ဆိုင်၊ ဖုန်း ၀၉- ၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၅ ခုနှစ် ဇူလိုင်လ (တတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၄ ဒီဂရီဖာရင်ဟိုက်မှ ၉၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၅ ဒီဂရီ ဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၇၈ ရာခိုင်နှုန်းမှ ၈၈ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ၈၉ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၁၆ မီလီမီတာမှ ၂၇ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၂၈ မီလီမီတာမှ ၃၉ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ပြည့်ဝ) အခြေအနေ အသီးသီးရှိနိုင်သည်။

**(မိုး/ဇလ)**

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ငါးဦး ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၂၂**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိသည်။



ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နှင့် ကျောက်ခတ်နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများနှင့် ဒုစရိုက်မှုများလုပ်ဆောင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသားလေးဦးနှင့် ကင်ညာနိုင်ငံသားတစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသားငါးဦးအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးသည်။

ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံသံရုံးနှင့် ကင်ညာနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Mr.Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၂၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၂၉၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၆၀ အား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၃၉ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*❂ ကျောဖုံးမှ*

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၂ ရက် ည ၆ နာရီခွဲတွင် အင်းစိန်မြို့နယ် ကြို့ကုန်း အရှေ့ရပ်ကွက်ရှိ သိန်းဝင်းထွန်းနှင့် ထွန်းထွန်းလင်း (ခ) ကိုထွန်းတို့ ငှားရမ်းထားသည့် နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ ဇော်ဇော်လွင်အား အိုက်စ် (မက်သ်အဖက်တမင်း) ၁၈၇၅ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၄၆ ဒသမ ၈၇၅ ဘီလီယံ)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ သိန်း (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၆ ဘီလီယံ) နှင့် TOYOTA DYNA မော်တော်ယာဉ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိစိတ်ပြောင်းဆေးဝါးများကို လွှဲပြောင်းပေးအပ်ခဲ့သူ နေမျိုးကျော်အား ည ၇ နာရီတွင် လှိုင်မြို့နယ် (၁၆) ရပ်ကွက် ပါရမီလမ်းတွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ဇူလိုင် ၁၅ ရက်တွင် စိတ်ပြောင်းဆေးဝါးများ တာဝန်ခံသယ်ဆောင်သူ ကြည်ဖြူ (ခ) ကျော်ဝင်းငွေးနှင့် ဇော်မင်းနိုင်တို့မှာ ထားဝယ်ဘက်သို့ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် KLUGER မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကြည်ဖြူ (ခ) ကျော်ဝင်းငွေးမှာ မူးယစ်အမှုဖြင့် အလိုရှိ




**စိတ်ပြောင်းဆေးဝါးများကို မလေးရှားရေပိုင်နက်သို့ ပို့ဆောင်မည့် တရားခံ ကြည်ဖြူ (ခ) ကျော်ဝင်းငွေး၊ ဇော်မင်းနိုင်၊ သိန်းသန်းငွေး (ခ) ဇော်ဇော်အောင် (ခ) ငွေး၊ ကျော်စွာမင်း (ခ) မင်းမင်း၊ မျိုးထွန်း (ခ) ကိုထွန်း တို့အား ဖမ်းဆီးရမိမှုမှတ်တမ်းပုံ။**




**စိတ်ပြောင်းဆေးဝါးများအား မလေးရှားရေပိုင်နက်သို့ ပို့ဆောင်မည့် တရားခံ ရဲထွန်း (ခ) ပွဲ့နှင်း (ခ) ဖိုးသာဂိနှင့် စိုးလင်းပိုင် (ခ) လင်းလင်းတို့အား ဖမ်းဆီးရမိမှုမှတ်တမ်းပုံ။**

တရားခံပြေးတစ်ဦးဖြစ်ပြီး ယင်းနေ့ ညနေ ၄ နာရီခွဲတွင် စိတ်ပြောင်းဆေးဝါးများကိုပင်လယ်ရေကြောင်းဖြင့် မလေးရှားရေပိုင်နက်သို့ ပို့ဆောင်သူ စိုးလင်းပိုင် (ခ) လင်းလင်းအား ပြည်မြို့ နဝဒေးတံတားတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြစ်ဝမှ မလေးရှား ရေပိုင်နက်သို့ ပို့ဆောင်သူ စက်လှေပိုင်ရှင် ရဲထွန်း (ခ) ပွဲ့နှင်း (ခ)ဖိုးသာဂိအား ပုသိမ်ကြီးမြို့နယ်တွင် ဖမ်းဆီးရမိခဲ့ပြီး ရဲထွန်းမှာလည်း မူးယစ်အမှုဖြင့် အလိုရှိတရားခံပြေးတစ်ဦးဖြစ်ကြောင်း၊ ဇူလိုင် ၁၇ ရက် ညနေ ၄ နာရီခွဲတွင် စိတ်ပြောင်းဆေးဝါး များကို ရန်ကုန်မြစ်ဝသို့ တာဝန်ခံ သယ်ဆောင်ပေးသူ အောင်ရတနာ စက်လှေပိုင်ရှင် သိန်းသန်းငွေး(ခ) ဇော်ဇော်အောင် (ခ) ငွေးနှင့် ကျော်စွာမင်း(ခ)မင်းမင်း၊ မျိုးထွန်း (ခ) ကိုထွန်းတို့အား မင်္ဂလာဒုံမြို့နယ်၌ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေး ပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိ စိတ်ပြောင်းဆေးဝါးများကို ဘောစိ (ခ) ပန်းသီး (ခ) အုံနာမှ သိန်းဝင်းထွန်းနှင့် ထွန်းထွန်းဝင်း (ခ) ကိုထွန်းတို့အား နေအိမ်ငှားရမ်း၍ သိမ်းဆည်းခိုင်းခြင်းဖြစ်ကြောင်း၊ မလေးရှားရေပိုင်နက်သို့ အဓိကသယ်ဆောင်ရောင်းဝယ်သူမှာ ကိုစိုင်းနှင့် မောင်မောင် တို့ဖြစ်ပြီး ကြည်ဖြူ (ခ) ကျော်ဝင်းငွေးနှင့် ၎င်း၏ တပည့်ဖြစ်သူ အောင်ဖြိုး (ခ) အောင်ဖြိုးနိုင် (ခ) ကိုမျိုး တို့သည် ရန်ကုန်မြို့မှ ပင်လယ်ဝသို့ လည်းကောင်း၊ ပင်လယ်ဝမှတစ်ဆင့် မလေးရှားရေပိုင်နက်သို့ လည်းကောင်း သယ်ဆောင်ရန် စီမံခန့်ခွဲသူဖြစ်ကြောင်း၊ ရန်ကုန်မှတစ်ဆင့် ပင်လယ်ဝသို့ စိတ်ပြောင်းဆေးဝါးများကို မော်တော်ယာဉ်၊ စက်လှေတို့ဖြင့် တာဝန်ခံသယ်ဆောင်သူမှာ သိန်းသန်းငွေး (ခ) ဇော်ဇော်အောင် (ခ) ငွေးဖြစ်ကြောင်း၊ ရန်ကုန်မြစ်ဝမှတစ်ဆင့် မလေးရှားရေပိုင်နက်သို့ ၎င်းပိုင် စက်လှေဖြင့် တာဝန်ခံ သယ်ဆောင်သူမှာ ရဲထွန်း (ခ) ပွဲ့နှင်း (ခ) ဖိုးသာဂိဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကာ ယင်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့သည် ပြည်ပသို့ပင်လယ်ရေကြောင်းအသုံးပြု၍ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရောင်းဝယ်မှု အကြိမ်ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်ရရှိသဖြင့် ၎င်းတို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး အတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

*✳ ကျောဖုံးမှ*

ထို့အပြင် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးလက်မခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# မြို့နယ်အသီးသီး၌ အငြိမ်းစားပင်စင်စားများအား UID(ခေါ်) Smart Card အခမဲ့ပြုလုပ်ပေး



**မန္တလေး**

မန္တလေးမြို့ပေါ်ရှိ မြို့နယ်အသီးသီးမှ အငြိမ်းစားပင်စင်စားများအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက UID (ခေါ်) Smart Card ကို ဇူလိုင် ၂၂ ရက်က အောင်မြေသာစံမြို့နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်(၂)၌ အခမဲ့ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ပြုလုပ်ပေးရာတွင် အောင်မြေသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးသိန်းလွင် ဦးဆောင်၍ ဝန်ထမ်းများက အငြိမ်းစားပင်စင်စားများအား ဘဏ်သို့ပင်စင်လာရောက်ထုတ်ယူရင်း UID (ခေါ်) Smart Card များကို အလွယ်တကူရရှိနိုင်ရေး ယနေ့မှစ၍ ဇူလိုင်လကုန်အထိ နံနက် ၉ နာရီ မှ ညနေ ၄ နာရီခွဲအထိ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ Smart Card များ ဆောင်ရွက်ပေးရာသို့ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ အဖွဲ့ဝင် အောင်မြေသာစံခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးမောင်မောင်အေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းဇော်နှင့်အဖွဲ့ဝင် ဦးဇော်လင်းဦးတို့က လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **၀၃၇**



**ပန်းတောင်း**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဒေါ်သီတာဦးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံး ဦးစီးမှူး ဦးအောင်သက်တင်နှင့် ဝန်ထမ်းများက ဇူလိုင် ၂၂ ရက်တွင် မြို့နယ်အတွင်းရှိ ပင်စင်စားအငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများအား ထုတ်ပေးလျက်ရှိသည့် မြန်မာ့စီးပွားရေးဘဏ်သို့ ကွင်းဆင်း၍ ပင်စင်လစာထုတ် အငြိမ်းစားဝန်ထမ်းများအား UID ကတ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **လပြည့်လင်း(ပြန်/ဆက်)**



**ညောင်လေးပင်**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာများထုတ်ယူရာတွင် အဆင်ပြေစေရန် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ (UID) Unique Identity စနစ်ဖြင့် Smart Card များဆောင်ရွက်ပေးခြင်းကို မြန်မာ့စီးပွားရေးဘဏ်၌ ဇူလိုင် ၂၁ ရက်က စတင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံး လက်ထောက်လဝကမှူး ဒေါ်ကြည်စင်သန့်နှင့် ဝန်ထမ်းများက Biometric (UID)စနစ်ဖြင့် Smart Card မပြုလုပ်ရသေးသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ မြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျန်ရှိသူများအား ရပ်ကွက်၊ ကျေးရွာများအရောက် ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်။

**နီနီဝင်း(ပြန်/ဆက်)**



**ကော့သောင်း**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့သောင်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားပင်စင်လစာလာရောက်ထုတ်ယူသူများအား UID (Unique Identity)များ ဆောင်ရွက်ခြင်းကို မြန်မာ့စီးပွားဘဏ်၌ ဇူလိုင် ၂၂ ရက်က ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူးရုံး ဦးစီးမှူး ဦးချမ်းမြေ့ဇေဦး ကြီးကြပ်၍ လက်ထောက်မြို့နယ်ဦးစီးမှူး ဦးသန်းထိုက်နှင့်အဖွဲ့က နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ပင်စင်လစာလာရောက်ထုတ်ယူကြသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၊ ပင်စင်လစာလာရောက် ထုတ်ယူသူများအား နံနက် ၈ နာရီခွဲမှ ညနေ ၃ နာရီအထိ UID ဆောင်ရွက်ပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



**တာချီလိတ်**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တာချီလိတ်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက်ထုတ်ယူနေကြသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Biometric Data ကောက်ယူ၍ UID ထုတ်ပေးခြင်းလုပ်ငန်းကို ဇူလိုင် ၂၁ ရက်မှစ၍ ဆောင်ရွက်လျက်ပေးလျက်ရှိရာ ယနေ့အထိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ၆၈ ဦးအား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကျန်ရှိသူများအား ဇူလိုင် ၃၁ ရက်အထိ မြန်မာ့စီးပွားရေးဘဏ်(တာချီလိတ်)၌ ဆက်လက်ဆောင်ရွက်ပေးသွားမည်။

**သန်းဇော်(ပြန်/ဆက်)**



**ပင်လောင်း**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မြန်မာ့စီးပွားရေးဘဏ်တို့ ပူးပေါင်း၍ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများကို ဇူလိုင် ၂၂ ရက်က ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသည်။

ပင်လောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာလာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Unique ID နံပါတ်ပါကတ်ပြားများကို ထုတ်ပေးနိုင်ရေးအတွက် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဇီဝဆိုင်ရာအချက်အလက် အချက်အလက်မှန်သူ ၄၁ ဦးအား ဂဏန်း ၁၀ လုံးပါဝင်သည့် Unique ID နံပါတ်ပါကတ်များကို နေ့ချင်းပြီးထုတ်ပေးခဲ့ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**ပန်းဘဲတန်း**

ပန်းဘဲတန်းမြို့နယ် မြန်မာ့စီပွားရေးဘဏ်(၄)၌ ပင်စင်လာရောက်ထုတ်ယူလျက်ရှိသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ (UID) Unique Identity ဆောင်ရွက်ပေးခြင်းကို ဇူလိုင် ၂၂ ရက်က စတင်ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးအောင်ကျော်သူ၏ ညွှန်ကြားမှုဖြင့် မြို့နယ်လဝကဝန်ထမ်းများက Biometric (UID) စနစ်ဖြင့် Smart Card မပြုလုပ်ရသေးသော အငြိမ်းစားများအား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဖြူဖြူဝင်း(ပြန်/ဆက်)**

**ပြည်**

ပြည်မြို့ ခုတင်(၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လာရောက်ကြသော နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား Biometric အချက်အလက်ကောက်ယူခြင်းနှင့် Smart Card များ ပြုလုပ်ပေးခြင်းကို ဇူလိုင် ၂၁ ရက်က မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက သွားရောက်ဆောင်ရွက်ပေးကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မြို့နယ် လ.ဝ.က ဝန်ထမ်းများက အဆိုပါအငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား Biometric အချက်အလက်ကောက်ယူခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ၎င်းတို့ထံမှ e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်ကောက်ယူကာ ဂဏန်း ၁၀ လုံးပါ (Unique ID) နံပါတ်ထုတ်ပေးခြင်းနှင့် Smart Card ထုတ်ပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုကို ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးသည်။

**ကိုဆက်(ပြန်/ဆက်)**



# အီရန်နှင့် ရုရှားနိုင်ငံတို့ ရေကြောင်းစစ်ရေးပူးပေါင်းလေ့ကျင့်

**တီဟီရန် ဇူလိုင် ၂၂**

အီရန်နှင့် ရုရှားရေတပ်တို့သည် ကက်စပီယန်ပင်လယ်ပြင်တွင် ရေကြောင်းစစ်ရေးပူးပေါင်းလေ့ကျင့်မှုကို ဇူလိုင် ၂၁ ရက်တွင် စတင်လိုက်ကြောင်း တာစနင်မ်သတင်းအေဂျင်စီ၏ အစီရင်ခံ ဖော်ပြချက်အရ သိရသည်။

CASAREX2025 ဟု အမည်ပေးထားသော သုံးရက်ကြာ ပူးပေါင်းရေကြောင်းစစ်ရေးလေ့ကျင့်မှုကို အီရန်နိုင်ငံ မြောက်ပိုင်းရေတပ်က ဦးစီးကျင်းပခြင်းဖြစ်ပြီး နှစ်နိုင်ငံရေတပ်မှ စစ်ဘက်သုံးသင်္ဘောများ ပါဝင်ကြောင်း သိရသည်။ အဇာဘိုင်ဂျန်၊ ကာဇက်စတန်၊ တာ့ခ်မင်နစ္စတန်နိုင်ငံတို့မှ ကိုယ်စားလှယ်များ လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြသည်။

စစ်ရေးလေ့ကျင့်မှုဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ မိုရ်စင်ရာဇာကီက ရေကြောင်းစစ်ရေး ပူးပေါင်းလေ့ကျင့်မှုတွင် ကုန်းတွင်းပိုင်းနှင့် ပင်လယ်ပြင်ပိုင်း နှစ်ပိုင်းစလုံး ပါဝင်ကြောင်း၊ စစ်ရေးလေ့ကျင့်မှု၏ ရည်ရွယ်ချက်မှာ ဒေသတွင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ ကုန်တင်သင်္ဘောများ ခုတ်မောင်းသွားလာရာတွင် ဘေးကင်းလုံခြုံမှုရှိစေရန်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**




# ကမ္ဘာမြေလေ့လာစောင့်ကြည့်ရေးဂြိုဟ်တု နာဆာနှင့် အိုင်အက်စ်အာရ်အိုက ဇူလိုင် ၃၀ ရက်တွင် လွှတ်တင်မည်

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၂**

နာဆာနှင့် အိန္ဒိယအာကာသသုတေသနအဖွဲ့အစည်း (အိုင်အက်စ်အာရ်အို)တို့သည် ကမ္ဘာမြေလေ့လာစောင့်ကြည့်ရေး ဂြိုဟ်တုကို ဇူလိုင် ၃၀ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဇူလိုင် ၂၁ ရက်တွင် နာဆာက ထုတ်ပြန်ကြေညာထားသည်။

နာဆာနှင့် အိုင်အက်စ်အာရ်အိုတို့ ပူးပေါင်းတည်ဆောက်ထားသည့် NISAR ဂြိုဟ်တုကို အိန္ဒိယနိုင်ငံ အရှေ့တောင်ပိုင်း ကမ်းရိုးတန်း၌ တည်ရှိသည့် ဆာတစ်ရှ်ဒါဝန်အာကာသစင်တာမှ လွှတ်တင်သွားမည်ဖြစ်သည်။ အဆိုပါ ဂြိုဟ်တုလွှတ်တင်ရေးမစ်ရှင်သည် အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံတို့အကြား အာကာသပူးပေါင်းဆောင်ရွက်မှု၏ မှတ်တိုင်တစ်ခုဖြစ်သည်။



ယခုနှစ်အစောပိုင်းတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီတို့သည် ကမ္ဘာမြေ လေ့လာစောင့်ကြည့်ရေးဂြိုဟ်တုကို အမေရိကန် -အိန္ဒိယအရပ်ဘက်အာကာသ ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးပါသည့် သင်္ကေတတစ်ခုဖြစ်ကြောင်း ချီးကျူးဂုဏ်ပြုခဲ့ကြသည်။

အဆိုပါ ဂြိုဟ်တုသည် ကုန်းမြေဂေဟစနစ်များ ပြောင်းလဲမှုများကို စောင့်ကြည့်ခြင်း၊ ရေခဲလွှာများ၊ ရေခဲမြစ်များနှင့် ပင်လယ်ပြင်ရေခဲများ ကြီးထွားမှုနှင့် ကျုံ့ဝင်မှုတို့ကို ခြေရာခံခြင်း၊ ကမ္ဘာ့မြေလွှာ၏ ရွေ့လျားပြောင်းလဲမှုများ တိုင်းတာခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်သည်။ **ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ်လေတပ် လေ့ကျင့်ရေးလေယာဉ်ပျက်ကျမှုကြောင့် သေဆုံးသူ ၃၁ ဦးရှိလာ

**ဒါကာ ဇူလိုင် ၂၂**

ဘင်္ဂလားဒေ့ရှ်လေတပ်၏ လေ့ကျင့်ရေးလေယာဉ်ပျက်ကျမှုကြောင့် ဇူလိုင် ၂၂ ရက်တွင် သေဆုံးသူပေါင်း ၃၁ ဦးရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်တပ်မတော်၏ ပြည်သူ့ဆက်ဆံရေးဌာနက ပြောသည်။

အဆိုပါ လေ့ကျင့်ရေးလေယာဉ်မှာ ဇူလိုင် ၂၁ ရက်က ကောလိပ်ကျောင်းဝင်းအတွင်း ပျက်ကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် လူပေါင်း ၁၆၅ ဦးမှာ ဆေးရုံအသီးသီး၌ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း၊ အများစုမှာ ကျောင်းသား ကျောင်းသူများဖြစ်ကြောင်း သိရသည်။

အဆိုပါလေယာဉ်သည် ပုံမှန်လေ့ကျင့်ရေး လုပ်ဆောင်ရန်အတွက် ဒါကာမြို့ရှိ အေကေခန်ဒါကာလေတပ် အခြေစိုက်စခန်းမှ ဇူလိုင် ၂၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၆ မိနစ်တွင် ပျံသန်းထွက်ခွာပြီး မကြာမီ နှစ်ထပ်ဆောင်ကျောင်းအဆောက်အအုံပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံ၌ လွန်ခဲ့သည့် ခုနစ်လအတွင်း တောဆင်ရိုင်း ၁၉၈ ကောင် သေဆုံး

**ကိုလံဘို ဇူလိုင် ၂၂**

သီရိလင်္ကာနိုင်ငံ၌ လွန်ခဲ့သည့် ခုနစ်လအတွင်း သေနတ်ပစ်ခတ်ခံရခြင်း၊ ရထားနှင့် ကားတိုက်ခံရခြင်း၊ သဘာဝဘေးအန္တရာယ်များအပါအဝင် အကြောင်းရင်းအမျိုးမျိုးကြောင့် တောဆင်ရိုင်း စုစုပေါင်း ၁၉၈ ကောင် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ဒေသမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။



ဇူလိုင် ၁၈ ရက် တစ်ရက်တည်းတွင် တောဆင်ရိုင်းလေးကောင် သေဆုံးမှုဖြစ်ပွား ခဲ့ကြောင်း၊ နှစ်ကောင်မှာ ရထားတိုက်မိမှုကြောင့်ဖြစ်ပြီး အခြားနှစ်ကောင်မှာ သေနတ်ပစ်ခတ်ခံရသည့် ဒဏ်ရာများကြောင့်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး အန်တွန်ဂျေယာကိုဒီ၏ ပြောကြားချက်ကို ဒေသမီဒီယာများက ဇူလိုင် ၂၁ ရက်တွင် ကိုးကားဖော်ပြထားသည်။ **ဆင်ဟွာ**

# နီပေါနိုင်ငံ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် လျှပ်စစ်ယာဉ်တင်သွင်းမှု ၁၅ ရာခိုင်နှုန်း မြင့်တက်

**ခတ္တမန္ဒူ ဇူလိုင် ၂၂**

နီပေါနိုင်ငံ၏ လျှပ်စစ်ယာဉ်တင်သွင်းမှုမှာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ၁၅ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု အကောက်ခွန်ဦးစီးဌာနက ဇူလိုင် ၂၂ ရက်တွင် ပြောသည်။

**၇၅ ဒသမ ၂ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံမှဖြစ်**

နီပေါနိုင်ငံသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၂၃၀ တန်ဖိုးရှိ လေးဘီးတပ်လျှပ်စစ်ယာဉ် ၁၃၅၇၈ စီး တင်သွင်းခဲ့ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လေးဘီးတပ်လျှပ်စစ်ယာဉ် တင်သွင်းမှု ၁၁၇၀၁ စီးသာရှိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာန၏ နှစ်လယ်အစီရင်ခံစာတွင် ဖော်ပြထားသည်။ လျှပ်စစ်ယာဉ်တင်သွင်းမှုများအနက် ၇၅ ဒသမ ၂ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံမှဖြစ်ကြောင်း၊ ၂၄ ဒသမ ၈ ရာခိုင်နှုန်းကို အိန္ဒိယ၊ ဂျာမနီ၊ အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံများမှဖြစ်ကြောင်း သိရသည်။

**သုံးဘီးတပ်လျှပ်စစ်ယာဉ်များလည်း တင်သွင်းခဲ့**

နီပေါနိုင်ငံသည် လေးဘီးတပ်လျှပ်စစ်ယာဉ်များအပြင် သုံးဘီးတပ်လျှပ်စစ်ယာဉ် ၁၆၅၀၅ စီးကိုလည်း တင်သွင်းခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



# ပါကစ္စတန်နိုင်ငံ၌ မိုးရွာသွန်းမှုနှင့်ဆက်စပ်သော ဖြစ်ရပ်များကြောင့် လူပေါင်း ၂၂၁ ဦးထက်မနည်း သေဆုံး

**အစ္စလာမ္မာဘတ် ဇူလိုင် ၂၂**

ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင် ဇွန်လနှောင်းပိုင်းမှစတင်ကာ မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက် ရေကြီးရေလျှံမှုများ၊ မိုးရွာသွန်းမှုနှင့် ဆက်စပ်သော အခြားဖြစ်ရပ်များကြောင့် လူပေါင်း ၂၂၁ ဦးထက်မနည်း သေဆုံးပြီး ၅၉၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြောသည်။

ဇူလိုင် ၂၁ ရက်က မိုးရွာသွန်းမှုနှင့်ဆက်စပ်သော နောက်ဆုံးအခြေအနေ အစီရင်ခံစာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ) က လွန်ခဲ့သည့် ၂၄ နာရီအတွင်း သေဆုံးသူ ငါးဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၀ ဦးအပါအဝင် မိုးရွာသွန်းမှုနှင့်ဆက်စပ်သော ဖြစ်ရပ်များကြောင့် ထိခိုက်သေဆုံးမှုများမှာ ဇွန် ၂၆ ရက်မှ ဇူလိုင် ၂၁ ရက်အတွင်း ကောက်ယူရရှိသော စာရင်းများဖြစ်ကြောင်း ဖော်ပြထားသည်။

နိုင်ငံ၏အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် သေဆုံးသူ ၁၃၅ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၄၇၀ ရှိသည့်အတွက် ရေကြီးရေလျှံမှုဒဏ် အဆိုးရွားဆုံးခံရသည့် ပြည်နယ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ အာဏာပိုင်များသည် ရေကြီးရေလျှံမှု သတိပေးချက်များ ထုတ်ပြန်ထားကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်နယ်အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# မြစ်ကြီးနားမြို့၌ ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်းသား သင်တန်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

**မြစ်ကြီးနား ဇူလိုင် ၂၂**

ကချင်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (Kachin State RSC) က ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် လျော့ပါးစေရေးအတွက် လစဉ်အစည်းအဝေးများ ပြုလုပ်၍ လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းကာ အသိပညာပေးစေခြင်း၊ မီးပွိုင့်များ တိုးချဲ့တပ်ဆင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြစနစ်များ တစ်ပြေးညီဖြစ်စေရေး နှစ်စဉ်ရန်ပုံငွေများ ချမှတ်သုံးစွဲ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သတ်မှတ်စည်းကမ်းများကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ယနေ့ အသိပညာပေး ဟောပြောသွားသည့် အချက်အလက်များကို မှတ်သားကာ မိမိပတ်ဝန်းကျင်ကို ဆက်လက် အသိပေးဖြန့်ဝေကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ပညာရေးဒီဂရီကောလိပ်နှင့် သူနာပြု-သားဖွားသင်တန်းကျောင်းများမှ သင်တန်းသား သင်တန်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့ ရဲအုပ်ဇာနည်စိန်အောင်က လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ဒုတပ်ဖွဲ့ခွဲမှူးက ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်မျိုးမင်းက ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ယာဉ်လိုင်စင်၊ လူလိုင်စင်များနှင့်စပ်လျဉ်း၍ သိသင့်သိထိုက်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်က ဥပဒေ၊ နည်းဥပဒေများအပေါ် လိုက်နာဆောင်ရွက်ရန်နှင့် ရဲတပ်ဖွဲ့မှ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ ပြည်နယ်ဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေ၊ နည်းဥပဒေများ စသည်တို့ကို ဟောပြောဆွေးနွေးပေးခဲ့ကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

## မိုင်းပန်မြို့နယ် မိုင်းပဲ-လုံကြိမ်လမ်းပိုင်းရှိ သံကူကွန်ကရစ်တံတား ဆောင်ရွက်နေမှုအား တာဝန်ရှိသူများကွင်းဆင်းကြည့်ရှု

**မိုင်းပန် ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်(ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မိုင်းပဲ-လုံကြိမ် လမ်းပိုင်းရှိ သံကူကွန်ကရစ်တံတား တစ်စင်း ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုသည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် လင်းခေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ဆွေဆွေဝင်း၊ မိုင်းပန်မြို့နယ်တာဝန်ခံ၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ တာဝန်ရှိသူများက ကွန်ကရစ်တံတား စတင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တံတားကို ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၂၂၉ ဒသမ ၈၅ သန်းဖြင့် တံတားအရှည်ပေ ၄၀၊ အကျယ်ပေ ၂၀၊ သံကူကွန်ကရစ်ယက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဘီးလင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**ဘီးလင်း ဇူလိုင် ၂၂**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အ.ထ.က (ကန်သာယာ) ကျောင်း မဟော်သဓာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်ထိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး သထုံခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးက ဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဒေါ်နှင်းစပယ်က မဲပေးစက်အသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် အီလက်ထရောနစ်မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံ၊ အီလက်ထရောနစ်မဲပေးစက်များစစ်ဆေးခြင်း၊ ရွေးကောက်ပွဲမတိုင်မီ မဲရုံတွင် မဲပေးစက်များ ကြိုတင်ပြင်ဆင်ခြင်းနှင့် စမ်းသပ်ခြင်း၊ ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် စမ်းသပ်မဲပေးခြင်း၊ မဲပေးချိန်တွင် မဲပေးစက်များကိုင်တွယ်ခြင်း၊ အရန်စက်လဲလှယ်ရန် အခြေအနေ၊ မဲရေတွက်ခြင်း၊ မဲပေးနေစဉ် အရေးပေါ်ကိစ္စရပ်များ ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဆန္ဒမဲဖြတ်ပိုင်းများ ရေတွက်ရမည့် အခြေအနေ စသည့်အကြောင်းအရာများကို သင်တန်းနည်းပြများက သင်တန်းသား သင်တန်းသူ ၄၉၇ ဦးတို့ကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စာတွေ့၊ လက်တွေ့ သုံးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ် ပြည်ထောင်စုလမ်း မိုင်းပန်လမ်းပိုင်းမှ တာဆန်းလမ်းကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်

**မိုင်းပန် ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ် ပြည်ထောင်စုလမ်း မိုင်းပန်လမ်းပိုင်းမှ တာဆန်းလမ်း ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်မည့်နေရာကို တာဝန်ရှိသူများက ယနေ့နံနက် ၁၁ နာရီက ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် လင်းခေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ဆွေဆွေဝင်း၊ မိုင်းပန်မြို့နယ်တာဝန်ခံ၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ တာဝန်ရှိသူများ ကြည့်ရှုခဲ့ကြပြီး အဆိုပါလမ်းကို အရှည် ၀/၂ ဒသမ ၅ မိုင်၊ အကျယ် ၁၆ ပေ၊ ဒု ၆ လက်မကို ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၅၈ ဒသမ ၄၉၃ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ**



## တောင်ငူခရိုင် ဗဟိုစာရင်းအင်းအဖွဲ့ရုံး၌ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ကောက်ယူမည့်ပုံစံများဖြည့်သွင်းခြင်း ဆင့်ပွားသင်တန်းဖွင့်လှစ်

**တောင်ငူ ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့မှ ကြီးမှူး၍ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ကောက်ယူမည့်ပုံစံများ ဖြည့်သွင်းခြင်း ဆင့်ပွားသင်တန်းကို ယနေ့နံနက် ၁၀ နာရီက တောင်ငူခရိုင် ဗဟိုစာရင်းအင်းအဖွဲ့ရုံး၌ ဖွင့်လှစ်သင်ကြားပို့ချသည်။



ထိုသို့ သင်ကြားပို့ချရာတွင် တောင်ငူခရိုင် ဗဟိုစာရင်းအင်းအဖွဲ့ရုံးမှ ဦးစီးမှူး ဒေါ်ချောအိအိနိုင်၊ ဦးစီးအရာရှိ ဦးလှိုင်ထူးနှင့် ဦးစီးအရာရှိ ဒေါ်မျိုးမျိုးကြိုင်တို့က သင်တန်းနည်းပြအဖြစ် ဆောင်ရွက်ပြီး တောင်ငူခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများမှ သင်တန်းသား သင်တန်းသူ ၃၈ ဦးကို ဇူလိုင် ၂၂ ရက်မှ ၂၃ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်သည်။ အဆိုပါ သင်တန်းဖွင့်လှစ် သင်ကြားခြင်းကြောင့် တောင်ငူခရိုင်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက ပျက်စီးဆုံးရှုံးမှုများမှ ကောက်ယူရရှိသော စာရင်းအင်း အချက်အလက်များကို အသုံးပြု၍ သဘာဝဘေးအန္တရာယ် မကျရောက်မီ ကြိုတင်ကာကွယ်နိုင်ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် စာရင်းအင်း အချက်အလက်များကို ရရှိစေနိုင်ကြောင်း သိရသည်။ **ဇော်ကိုကို(တောင်ငူ)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း

ဆုလတ်မေ



သဘာဝပတ်ဝန်းကျင်တွင် သစ်ပင်သစ်တောတို့သည် လူသားတို့အတွက် စိတ်ကြည်လင်မှု ရရှိစေနိုင်သော အလှတရားများဖြစ်သည်။ သစ်ပင်သစ်တောများထံမှ စိမ်းလန်းသောအလှတရားကို ခံစားနိုင်သကဲ့သို့ အေးမြသောအရိပ်ကိုလည်း ရရှိစေနိုင်သည်။ သစ်ပင်သစ်တောများသည် ကမ္ဘာပေါ်တွင်ရှိသည့် သက်ရှိများ ရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါပြီး သက်ရှိများ ရှင်သန်ရေးအတွက် အဓိကလိုအပ်သည့် အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးလျက်ရှိသည်။ ထို့အတူ ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေပြီး ကျန်းမာရေးထိခိုက်စေနိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကိုလည်း လေထုအတွင်းမှ စုပ်ယူဖယ်ရှားပေးနိုင်သည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့်ပင် သစ်ပင်သစ်တောများသည် လူသားတို့အတွက် မည်မျှအရေးပါသည်ကို သိသင့်ပေသည်။

သစ်ပင်သစ်တောများ တည်ရှိခြင်းကြောင့် မိုးရွာသွန်းမှုကိုလည်း အချိန်မှန်မှန် ဖြစ်ပေါ်စေသည်။ သစ်ပင်သစ်တောများသည် မိုးရေကို စုပ်ယူထိန်းသိမ်းထားပြီး မြေအောက်မှတစ်ဖန် လှျိုမြောင်းများအကြား စိမ့်စမ်းရေများအဖြစ် ပြန်လည်ထွက်ရှိစေကာ သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုပေးလျက်ရှိသည်။ သစ်ပင်သစ်တောများက လေဒဏ်မိုးဒဏ်ကို အကာအကွယ်ပေးသည့်အပြင် သစ်မြစ်များက မြေဆီလွှာကို ကုပ်တွယ်ထားသောကြောင့် မြေဆီလွှာဆုံးရှုံးပျက်စီးမှု၊ မြေပြိုမှုများကိုလည်း ထိန်းသိမ်းပေးသည်။ ဤသို့ဖြင့် သစ်ပင်သစ်တောတို့သည် လူသားများအတွက်သာမက တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင် မြေဆီလွှာ၊ ရာသီဥတု၊ လေမုန်တိုင်း၊ သဘာဝဘေးအန္တရာယ်များကိုလည်း နည်းမျိုးစုံဖြင့် ကာကွယ်ပေးနေသဖြင့် သစ်ပင်သစ်တောများကို ချစ်ခင်ကြရမည်ဖြစ်သည်။

### သဘာဝတောများကို ထိန်းသိမ်း

ကမ္ဘာမြေပေါ်တွင် သစ်ပင်သစ်တောများ ယုတ်လျော့ပျက်စီးပြုန်းတီးလာခြင်းသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအတွက် အဓိကတွန်းအားပေးနေသည့် အကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်။ "ဥတုရာသီတောကိုမှီ၏" ဆိုသည့် ဆောင်ပုဒ်အတိုင်း ရာသီဥတုဖောက်ပြန်မှုကို ဟန့်တားရာတွင်လည်း သစ်ပင်သစ်တောများသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေသည်။ ယနေ့ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများမှာလည်း ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်း၊ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်း၊ သစ်တောပြုန်းတီးပျက်စီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ပင်ဖြစ်သည်။ အရင်းစစ်တော့ အမြစ်မြေဆိုသလို ခေတ်မီသိပ္ပံနှင့် စက်မှုပညာများ တိုးတက်ထွန်းကားလာမှုနှင့်အတူ သစ်ပင်သစ်တောများကို ကုန်ကြမ်းများအဖြစ် ထုတ်ယူအသုံးပြုလာကြခြင်းကြောင့် သစ်တောများ ပြုန်းတီးကာ အဘက်ဘက်မှဆိုးကျိုးများ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ သစ်ပင်များကို စည်းကမ်းမဲ့ခုတ်လှဲကြသဖြင့် သစ်ပင်များရှားပါးလာခြင်းကြောင့် ကမ္ဘာကြီးပူနွေးလာမှု၊ မိုးခေါင်ရေရှားမှု၊ အစာရေစာ ငတ်မွတ်ခေါင်းပါးမှု စသည်တို့နှင့် ရင်ဆိုင်နေကြရပြီး လူသားတို့၏ အသက်ပင် ဆုံးရှုံးသေဆုံးရသည်အထိ ဒုက္ခဆိုးအမျိုးမျိုးနှင့် ကြုံတွေ့နေရပေသည်။ သို့ဖြစ်၍ ဤကမ္ဘာမြေ သာယာလှပစိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များစိုက်ပျိုးကြရမည်။ လူသားများနှင့်အတူ မှီဝေနေထိုင်သော သတ္တဝါများ၏ ဂေဟစနစ်မှန်ကန်စေရန် သဘာဝတောများကို ထိန်းသိမ်းကြရမည်။

သစ်တောများပြုန်းတီးခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်တွင် သစ်ထုတ်လုပ်ခြင်းလည်း ပါဝင်ပေသည်။ "ထင်းခုတ်ကြမဆင်မခြင်၊ တောသစ်ပင်တွေပြုန်း" ဆိုသကဲ့သို့ ထင်းမီးသွေးဖုတ်ရာမှ လည်းကောင်း၊ တောမီးလောင်ခြင်းကြောင့်လည်းကောင်း သစ်တောများပြုန်းတီးခြင်းဖြစ်သည်။ သစ်တောများ ပြုန်းတီးခြင်းကြောင့် မိုးခေါင်ခြင်း၊ ရာသီဥတုပူပြင်းခြောက်သွေ့ခြင်းကိုလည်း ဖြစ်ပေါ်စေသည်။ နှစ်ပေါင်း ၁၂၀ မှ ၁၂၀၀ အထိ ကြာမှသာ တစ်လက်မအထူမျှ ဖြစ်လာသော သဘာဝမြေဆီလွှာသည် တစ်ခဏတာဖြင့် ပြုန်းတီးသွားရသည်။ အကျိုးဆက်ကား ရေကြီးရေလျှံခြင်း၊ မြေပြိုတောင်ပြိုခြင်းများနှင့် ဆေးဖက်ဝင်အပင်များ ဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်စေသည်။

### တိုးချဲ့စိုက်ပျိုး

လူသားတို့အနေဖြင့် မိမိတို့ကြောင့် ပျက်စီးရသည့် သဘာဝပတ်ဝန်းကျင်များကို မိမိတို့ကပင် ပြန်လည်ပြုပြင်ထိန်းသိမ်းရန် တာဝန်အရှိဆုံးဖြစ်ပေသည်။ သို့အတွက်ကြောင့် သစ်ပင်သစ်တောများကို ပြန်လည်စိုက်ပျိုးတည်ထောင်မှု ပြုလုပ်နေကြရမည်ဖြစ်သည်။ ထိုသို့ ပျက်စီးသွားသည့် သဘာဝဘေးအန္တရာယ်များကို တားဆီးကာကွယ်ရန်နှင့် ပြန်လည်ကုစားရန်အတွက် အရိုးရှင်းဆုံးနည်းလမ်းမှာ သဘာဝကိုအခြေခံပြီး ပြဿနာများကိုဖြေရှင်းခြင်း တစ်နည်းအားဖြင့် သစ်ပင်များစိုက်ပျိုးခြင်းနှင့် သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းပင်ဖြစ်သည်။ ယနေ့ကမ္ဘာတစ်ဝန်း၌ လေထုပူနွေးလာမှုနှင့်အတူ ရေ၊ မြေ၊ လေ၊ ရာသီဥတု စသည့်ရုပ်ပိုင်းဆိုင်ရာများ ယိုယွင်းလာခြင်းကြောင့် သစ်ပင်ပန်းမန်၊ တိရစ္ဆာန် စသည့် သက်ရှိဇီဝဆိုင်ရာပြုန်းတီးမှုများ တွေ့ကြုံနေကြရသည်။ လေထုပူနွေးလာမှုကို တားဆီးလျှော့ချနိုင်ရေးအတွက် နိုင်ငံအများအပြားတွင် သစ်ပင်သစ်တောများကို တိုးချဲ့စိုက်ပျိုးထိန်းသိမ်းနေကြပြီဖြစ်သည်။

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေးနှင့် သစ်တောပြုန်းတီးမှု လျော့နည်းစေရေးကို အထူးအလေးပေး လုပ်ဆောင်လျက်ရှိသည်။ နှစ်စဉ် ဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေးလအဖြစ် သတ်မှတ်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်စိုက်ပွဲတော်များ ကျင်းပစိုက်ပျိုးနိုင်ခဲ့သည်။

နိုင်ငံအတွင်း သစ်တောသယံဇာတအရင်းအမြစ်များ ထာဝစဉ်တည်တံ့စေရေးအတွက် သစ်တောထိန်းသိမ်းရေးလုပ်ငန်းစဉ်သည် တစ်ခဏတာ လုပ်ဆောင်ရမည်မဟုတ်ဘဲ သတ္တလောကကြီး တည်မြဲနေသမျှကာလပတ်လုံး ရေရှည်လုပ်ဆောင်သွားကြရမည့် အလုပ်ဖြစ်သောကြောင့် သစ်တောဦးစီးဌာနအနေဖြင့် သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေးအတွက် သစ်တောနယ်မြေများ တိုးချဲ့ဖွဲ့စည်းလျက်ရှိသည်။ မြန်မာနိုင်ငံတွင် သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (၂၀၂၆-၂၀၂၇) ခုနှစ်အရ နိုင်ငံပိုင်သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းနှင့် သဘာဝသစ်တောများ ပြုစုထိန်းသိမ်းခြင်းအပါအဝင် လုပ်ငန်း ၁၉ ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

### တစ်ပင်စိုက်လျှင် တစ်ပင်ရှင်အောင်စိုက်ပျိုး

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တောတောင် သဘာဝသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသည့်နိုင်ငံဖြစ်ပြီး အာဆီယံနှင့် ဒေသတွင်းနိုင်ငံများအနက် သစ်တောဖုံးလွှမ်းမှု ကောင်းမွန်ပြီး သစ်တောဖုံးလွှမ်းမှုဧရိယာ ဒုတိယအများဆုံး ပိုင်ဆိုင်သည့်နိုင်ငံဖြစ်သည်။ နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ၂၀၁၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၄၂ ဒသမ ၁၉ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ် ပဏာမအစီရင်ခံစာအရ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည့်အတွက် သစ်တောပြုန်းတီးမှု အနည်းငယ်ရှိကြောင်း သိရသည်။ နိုင်ငံတော်အနေဖြင့် ၂၀၂၂ ခုနှစ် မိုးရာသီမှ ၂၀၂၄ ခုနှစ် မိုးရာသီအထိ နိုင်ငံတစ်ဝန်းတွင် ပျိုးပင်စုစုပေါင်း ၉၀ ဒသမ ၁၅ သန်းကျော် ဖြန့်ဝေပေးနိုင်ခဲ့ပြီး လက်ရှိအချိန်ထိ အပင်ပေါင်း ၃၂၀၉၇၀၃ ပင် စိုက်ပျိုးပေးနိုင်ခဲ့သည်။ ထို့အတူ စိုက်ပျိုးသည့်သစ်ပင်များ ရာနှုန်းပြည့်အောင်မြင်ရှင်သန်စေရန်အတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တစ်ပင်စိုက်လျှင် တစ်ပင် "ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း" သွားရမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်။

နှစ်စဉ်နှစ်တိုင်း မိုးရာသီကာလသို့ ရောက်ပြီဆိုပါက သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနများနှင့် ဌာနဆိုင်ရာများ၊ ပြည်သူများပူးပေါင်း၍ သစ်ပင်စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ ယနေ့ လမ်းဘေးဝဲယာတစ်လျှောက် မြင်တွေ့နေရသော သစ်ပင်များအပါအဝင် မြို့ပြများအနီး မြင်တွေ့ရသော သစ်ပင်များသည် သစ်ပင်စိုက်ပျိုးရေးကို နှစ်စဉ်ဆောင်ရွက်နိုင်ခြင်း၏ အကျိုးရလဒ်များပင်ဖြစ်သည်။ "သစ်တောနှင့်သစ်ပင်၊ ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက်၊ ရွှေတိုက်ကိုစိုး" ဟူသောစကားမှာလည်း သစ်ပင်သစ်တောကို ချစ်ခင်သည့်လူမျိုးမှာ သစ်ပင်ကိုနှစ်စဉ်စိုက်ပျိုးကြကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းကြောင့် ရွှေတိုက်ကိုပင် ပိုင်စိုးရကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးတရားများကိုပြဆိုကာ သစ်ပင်သစ်တောများကို ချစ်ခင်သင့်ကြောင်း ဖော်ညွှန်းပြနေခြင်းဖြစ်သည်။ ယခု ၂၀၂၅ ခုနှစ် မိုးရာသီတွင် အမြင့်ပေ နှစ်ပေအထက်ပျိုးပင် ၂၀ ဒသမ ၅၉ သန်းကို နိုင်ငံတစ်ဝန်း ဖြန့်ဝေပေးထားပြီး စိုက်ပျိုးပေးသွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်မှသာ မြန်မာနိုင်ငံ၏ ဦးတည်ရာပန်းတိုင်ဖြစ်သော စိမ်းလန်းသော စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု *စာမျက်နှာ ၁၇ သို့*

- **အာဆီယံနှင့် ဒေသတွင်းနိုင်ငံများအနက် သစ်တောဖုံးလွှမ်းမှုကောင်းမွန်ပြီး သစ်တောဖုံးလွှမ်းမှုဧရိယာ ဒုတိယအများဆုံး ပိုင်ဆိုင်သည့်နိုင်ငံဖြစ်သည်။ နိုင်ငံ၏သစ်တောဖုံးလွှမ်းမှုသည် ၂၀၁၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၄၂ ဒသမ ၁၉ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ် ပဏာမအစီရင်ခံစာအရ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည်ကိုတွေ့ရ**
- **နိုင်ငံတော်အနေဖြင့် ၂၀၂၂ ခုနှစ် မိုးရာသီမှ ၂၀၂၄ ခုနှစ် မိုးရာသီအထိ နိုင်ငံတစ်ဝန်းတွင် ပျိုးပင်စုစုပေါင်း ၉၀ ဒသမ ၁၅ သန်းကျော် ဖြန့်ဝေပေးနိုင်ခဲ့ပြီး လက်ရှိအချိန်ထိ အပင်ပေါင်း ၃၂၀၉၇၀၃ ပင် စိုက်ပျိုးပေးနိုင်ခဲ့၊ စိုက်ပျိုးသည့် သစ်ပင်များ ရာနှုန်းပြည့် အောင်မြင်ရှင်သန်စေရန်အတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်**

## ကံမမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ



**ကံမ ဇူလိုင် ၂၂**
မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် သရက်ခရိုင် ကံမမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအတွင်း ထည့်သွင်းကျင်းပသော အခြေခံပညာအထက်တန်းအဆင့် ကျပန်းစကားပြော ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် “အမြဲမပြတ်လေ့လာသင်ယူရေး စကားဝိုင်း” “ Never Stop Learning Talk Show” တွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်းနှင့် အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ တက်ရောက်လာသူများနှင့် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်ပြပွဲနှင့် လုပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပြည်ပစာပို့လုပ်ငန်း သမအသင်း၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ကျောက်တံတား ဇူလိုင် ၂၂**
ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ပြည်ပစာပို့လုပ်ငန်း ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်က ဗိုလ်အောင်ကျော်လမ်းရှိ အသင်းရုံးခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဒေါ်ကေသီလွင်က ဆောင်ရွက်ပြီး အသင်း၏ လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းပြောကြားကာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာအေးဝင်းက အသင်း၏လုပ်ငန်းအပေါ် အားသာချက်၊ အားနည်းချက်များ ရှင်းလင်း၍ အသင်းတိုးတက်ရေးအတွက် အကြံပြုပြောကြားသည်။



ထို့နောက် အသင်းစာရင်းစစ်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့်ရှေ့လုပ်ငန်းစဉ်များကို အသင်းတာဝန်ရှိသူ ဦးနိုင်ဝင်းက ဖတ်ကြားအတည်ပြုချက်ရယူကာ အသင်းသားများအား စုဆောင်းမှုအပေါ် အတိုးများ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဝမ်းတွင်းမြို့နယ်၌ အငြိမ်းစားများအား UID (Unique Identity) ဆောင်ရွက်ပေး

**ဝမ်းတွင်း ဇူလိုင် ၂၂**
မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစား မိဘပြည်သူများအား UID (Unique Identity) ဆောင်ရွက်ပေးခြင်းများကို ယမန်နေ့က ပြုလုပ်ပေးကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းထံက သိရသည်။

မြို့နယ်ဦးစီးဌာနမှူး ဦးဆောင်၍ ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစား မိဘပြည်သူများ၏ Biometric အချက်အလက်များ စိစစ်ကောက်ယူခြင်း၊ မျက်လုံး Scan ဖတ်ခြင်း၊ လက်ဗွေ Scan ဖတ်ခြင်း၊ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များ ထည့်သွင်းခြင်းတို့ ပြုလုပ်ကာ UID နံပါတ်များကို ထုတ်ပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်

**ရန်ကုန် ဇူလိုင် ၂၂**
ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် ယနေ့နံနက်က မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပရာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းဇော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းထွန်းက ပျိုးပင်များအား ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများထံသို့ ပေးအပ်သည်။




ထို့နောက် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်း ၅၀၀ ကျော်တို့က ပျဉ်းမ ၁၇၅ ပင်၊ မဟော်ဂနီ ၆၅ ပင်၊ ထိုင်ဝမ်ဘန်ဒါ ၁၆ ပင်၊ ခရေ တစ်ပင်၊ ကံ့ကော် တစ်ပင်နှင့် မယ်ဇယ် တစ်ပင် စုစုပေါင်းပျိုးပင် ၂၅၉ ပင်တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၂) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျ ပုံမှန်ဆောင်ရွက်ရန်၊
(၃) တိရစ္ဆာန်ရောဂါကာကွယ်ဆေးများကို ပုံမှန်ထိုးနှံကြရန်၊
(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊
(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဟု သံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ဆေးကုသမှုအမြန်ဆောင်ရွက်ရန်၊
(၆) ရောဂါဖြစ်တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်း မပြုရန်၊
(၇) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊
(၈) တိရစ္ဆာန်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

*စာမျက်နှာ ၁၆ မှ*
(Green Economic and Green Development ) လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

သစ်တောရတနာသည် လူသားတို့အတွက် အမှန်တကယ် တန်ဖိုးကြီးမားလှသည်။ သစ်ပင်သစ်တောများမှ ငွေကြေးနှင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအထောက်အပံ့များစွာကိုလည်း ရရှိစေသည်။ အရိပ်ရသော သစ်ပင်ကိုစိုက်ပျိုးခြင်းဖြင့် လူနှင့် ကျေးငှက်တိရစ္ဆာန်တို့အတွက် နားခိုရာဖြစ်ပေါ်စေသကဲ့သို့ သီးပင်စားပင်များမှလည်း အာဟာရကိုရရှိစေသည်။ ထို့ကြောင့် သက်ရှိလူသားတိုင်း သစ်ပင်သစ်တောများကို အမှန်တကယ် ချစ်ခင်မြတ်နိုး ထိန်းသိမ်းစောင့်ရှောက်ကြပြီး စနစ်တကျနှင့် စိုက်သမျှရှင်သန်အောင် စိုက်ပျိုးကြမည်ဆိုပါက နိုင်ငံတစ်ဝန်း မြို့ရွာဒေသပါမကျန် စိမ်းစိုသာယာလှပနေမည် ဖြစ်သည်။

“ပန်းမန်သစ်ပင်လေသန့်စင်၍ ဥယျာဉ်တောတန်းစိတ်ရွှင်လန်း၏” ဆိုသည့်အတိုင်း သီးပင်စားပင်၊ အရိပ်ရပင်၊ ပန်းပင်များကို အစဉ်တစိုက် စိုက်ပျိုးကြခြင်းဖြင့် မြို့ပြကျေးလက်တစ်ခွင် ဒေသအလိုက် စိမ်းလန်းစိုပြည် ဝေဆာလှပလာမည် ဖြစ်သည်။ ထိုသို့စိုက်ပျိုးခြင်းဖြင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မည်သာမက ပြည်သူများ၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များကိုပါ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် သစ်ပင်သစ်တောများကြောင့် သဘာဝပတ်ဝန်းကျင် ရာသီဥတုပြောင်းလဲမှုကိုပါ များစွာအကျိုးသက်ရောက်စေပြီး ဤကမ္ဘာမြေ အစဉ်ထာဝရလှပနေစေရန်အတွက် လူတစ်ဦးလျှင် သစ်ပင်တစ်ပင်နှုန်း စိုက်ပျိုးသင့်သည်။ နောင်သားစဉ်မြေးဆက်အတွက် စိမ်းလန်းစိုပြည်ပြီး အေးချမ်းသာယာသည့် ပတ်ဝန်းကျင်ကောင်းနှင့် သဘာဝအရင်းအမြစ်ကြွယ်ဝသည့် နိုင်ငံအဖြစ် လက်ဆင့်ကမ်းပေးနိုင်ရန် သဘာဝသယံဇာတအမွေအနှစ်ဖြစ်သည့် သစ်ပင်သစ်တောများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်း ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

❖ ❖ ❖

## သုံးခွမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ဆောင်ရွက်ပေးလျက်ရှိ

**သုံးခွ ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာများထုတ်ယူရာတွင် အဆင်ပြေစေရန် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ Unique Identity (UID) ဆောင်ရွက်ပေးခြင်းကို မြန်မာ့စီးပွားရေး ဘဏ်(ခွဲ)တွင် ယမန်နေ့က ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှလဝက ဦးစီးမှူး ဦးထွန်းဆွေနှင့်ဝန်ထမ်းများက Biometric (UID) စနစ်ဖြင့် Smart Card မပြုလုပ်ရသေးသော အငြိမ်းစားများအား Smart Card များပြုလုပ်ပေးကြောင်းသိရသည်။ သုံးခွမြို့နယ်၌ အငြိမ်းစားဝန်ထမ်း ၁၂၃၆ ဦးရှိကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**



## ကျောက်တန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကျောက်တန်း ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ရှမ်းချောင်းကျေးရွာ၌ မြို့နယ်အဆင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ကျောက်တန်းမြို့နယ် ရှမ်းချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် သန်လျင်မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောက်တန်းမြို့နယ် ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ရှမ်းချောင်းကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ စုစုပေါင်း ၁၂၀ တက်ရောက်ကြပြီး အမြင့် နှစ်ပေနှင့်အထက်ရှိ မဟော်ဂနီ ၁၀၀၊ ပျဉ်းကတိုး ၅၀၊ မန်ကျည်းရှား ၃၀၀၊ စိန်ပန်း ၁၀၊ စုစုပေါင်းပျိုးပင် ၄၆၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သန့်ဇင်ထွန်း**



## လှိုင်ကော်မြို့နယ် လောပိတ စံပြကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်

**လှိုင်ကော် ဇူလိုင် ၂၂**

ကယားပြည်နယ် လှိုင်ကော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ယမန်နေ့က လောပိတစံပြကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ဦးစီးမှူး ဒေါ်အိအိခင်၊ မြို့နယ်ဦးစီးမှူး ဦးနျားရယ်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် လောပိတစံပြကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းအရှည် ၅ ဒသမ ၆ ဖာလုံ ပေ၊အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မနှင့် Box Culvert တံတားနှစ်စင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



လောပိတ စံပြကျေးရွာ၌ အဆိုပါ ကျေးလက်လယ်ယာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ် ခွင့်ပြုရန်ပုံငွေကျပ် ၁၀၄ ဒသမ ၅၂၄ သန်းကို အသုံးပြုကာ ပြည်နယ်/ခရိုင်/မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ယခုနှစ် ဇွန်လဒုတိယပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ လုပ်ငန်း အားလုံး၏ ၂၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**



## မအူပင်မြို့၌ မီးဘေးအန္တရာယ်လုံခြုံရေးအသိပညာပေး

**မအူပင် ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ညောင်ဝိုင်းကျေးရွာ မအူပင်စက်မှုဇုန်ရှိ New Talent အထည်ချုပ်စက်ရုံ၌ ယနေ့နံနက် ၉နာရီက ခရိုင်မီးသတ်ဦးစီးမှူးဦးစိုးမိုးထွန်းဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးဌေးနှင့် ခရိုင်/မြို့နယ်မီးသတ်ဦးစီးဌာနရှိတပ်ဖွဲ့ဝင်များမှ စက်ရုံအတွင်းမီးဘေးလုံခြုံမှုရှိစေရန် အဆောက်အုံအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လက်တွေ့စစ်ဆေးပြီး မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရန် မီးဘေးကြိုတင် ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## ခရမ်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**ခရမ်း ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ရဲက အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်မောင်ရင်က သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာသူများက မိမိတို့သိရှိလိုသည်များကို ဆွေးနွေးတင်ပြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မော်တော်ယာဉ်ဖြင့် အလုပ်သမားဥပဒေအသိပညာပေး

**ရန်ကုန် ဇူလိုင် ၂၂**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ဒဂုံဆိပ်ကမ်းစက်မှုဇုန်၌ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် အလုပ်သမားများ၏ ဥပဒေ၊ ရပိုင်ခွင့်များဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဆွေးနွေးခြင်းကို ကျီစုစက်မှုဇုန်ရှိ Hua Cai အထည်ချုပ်စက်ရုံ၊ Arao အထည်ချုပ်စက်ရုံ၊ စက်မှုဇုန်(၂)ရှိ MTM အိတ်ချုပ်စက်ရုံ၊ စက်မှုဇုန်(၁)ရှိ Yangon Xie Hui Shoes ဖိနပ်စက်ရုံတို့၌ အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စိုးသန္တာနွယ်က အလုပ်သမားများ၏ ရပိုင်ခွင့်များနှင့် အလုပ်သမားဥပဒေပါရပိုင်ခွင့်များနှင့် ဦးစီးအရာရှိ ဦးအောင်မြတ်သူက လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**



ဇီဝမျိုးစုံ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

## ရေးမြို့နယ်၌ အငြိမ်းစားများ၏ ပင်စင်လစာ ထုတ်ယူနိုင်ရေး UID နံပါတ်ထုတ်ပေး



**ရေး ဇူလိုင် ၂၂**

ရေးမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများ၏ ပင်စင်လစာငွေ ထုတ်ယူရာတွင် လူပုဂ္ဂိုလ်မှန်ကန်မှု ရှိ မရှိ စိစစ်နိုင်ရန်နှင့် ခေတ်မီနည်းပညာအသုံးပြုနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-Pension စနစ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ e-ID စနစ်တို့ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် UID နံပါတ်များ Centralized e-Pension Program တွင် ထည့်သွင်းရန် UIDနံပါတ် ထုတ်ပေးရေး အထူးဦးစားပေးအစီအစဉ်အဖြစ် ကွင်းဆင်းခြင်းကို ယမန်နေ့က မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ရေးမြို့မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက် နေ့ချင်းပြီးလျင်မြန်စွာ ဆောင်ရွက်ပေးခြင်းကို ရေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရေးခရိုင်ဦးစီးမှူး ဦးရည်သန့်တို့က လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ရှင်းသန့်ဖြူ(ပြန်/ဆက်)**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော်  ဇူလိုင်  ၂၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၉ ရက်တွင် ပဲခူးတိုင်း ဘုရားကြီးမြို့ ဘုရားလေးကျေးရွာ ZTH ဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၄၈၇၂၈၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toe 12 Wheels Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ဇူလိုင် ၂၁ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၂၁ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်တန်ဖိုးငွေကျပ် ၇၅၁၀၉၃၅၆၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၈ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၃၈၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၈၉၆၀၈၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၂၁ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ နိုင်းစတားစက်သုံးဆီဆိုင်အနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် စားသောက်ကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ် ရွှေကြက်ယက်ဆိပ်ကမ်းအနီး၌ မန္တလေးမြို့မှ မိုးညှင်းမြို့သို့သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၃၁ မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၂၂၉၂၄၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၂၂၉၂၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် တာချီလိတ်-ဝမ်ပုံ ကားလမ်းမဘေး စွတ်ဆိုင်ကျေးရွာရှိ ခြံဝင်းတစ်ခုအတွင်း၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆၈၀၀၀၀) ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် တာချီလိတ်-ဝမ်ပုံ ကားလမ်းမဘေး ပါခါကျေးရွာရှိ ခြံဝင်းတစ်ခုအတွင်း၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၂၅၀၀၀၀)ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် တာချီလိတ်-ဝမ်ပုံကားလမ်းမဘေး ပါခုတ်နိုကျေးရွာရှိ ခြံဝင်းတစ်ခုအတွင်း၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၇၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၂၁ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၄ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၁၇ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ဥပဒေများနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၉ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၆၂၃၀၀၈၀)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေး အစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ မိုးရာသီနှင့်သက်ဆိုင်သည့် ခေတ်ပေါ်စတီရီယို တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပအဆိုရှင်များဖြင့် **"ဇူလိုင်မိုး"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် (၂၅-၇-၂၀၂၅)ရက်(သောကြာနေ့)ညတွင် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားပါသည်-

**(၂၅-၇-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "ဇူလိုင်မိုး" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၂)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
| --- | --- | --- |
| ၁။ | ဇူလိုင်မိုး | တူယှဉ်ခွဲပျော်ဂီတပွဲတော် ဆုရအဆိုရှင် |
| ၂။ | သို့ LDRS (အဝေးရောက်ချစ်သူသို့) | တူယှဉ်ခွဲပျော်ဂီတပွဲတော် ဆုရအဆိုရှင် |
| ၃။ | ၈/၈၂ အင်းလျား | ပြင်ပအဆိုရှင် |
| ၄။ | ဒီလိုမိုး | ပြင်ပအဆိုရှင် |
| ၅။ | သစ္စာမရှိတဲ့သစ္စာ | ပြင်ပအဆိုရှင် |
| ၆။ | အချစ်မျက်ဝန်း | ပြင်ပအဆိုရှင် |
| ၇။ | မိုးသည်းည | ပြင်ပအဆိုရှင် |
| ၈။ | စည်း | ပြင်ပအဆိုရှင် |
| ၉။ | ငိုနေမယ်မိုးသည်းထဲမှာ | ပြင်ပအဆိုရှင် |
| ၁၀။ | ဒီရင်ခွင်နိုဝင်လှည့်ပါ | ပြင်ပအဆိုရှင် |
| ၁၁။ | မိုးသံတွေအောက်မှာ | ပြင်ပအဆိုရှင် |
| ၁၂။ | မင်းအချစ်ကြောင့် | ပြင်ပအဆိုရှင် |

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/၂/အောင်ချမ်းသာ(အောင်ဇမ္ဗူ)၊ မြေကွက်အမှတ်(၉၇)၊ ဧရိယာ(၀.၆၃၆)ဧကရှိ ဦးရဲကျော်စွာ (ဘ)ဦးအောင်ကျော်၊ ၉/ပမန(နိုင်)၀၁၇၂၄၆ အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှမြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မူရင်းများတင်ပြပြီးဦးဇော်မင်းအေး၊ (ဘ) ဦးအီစပိုင်၊ ၁၂/သကတ(ပြု)၀၀၀၁၁၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူ များအနေဖြင့်တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီမြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

**အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇**
**ကျောက်ဆည်ခရိုင်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၃၇**
**ကွယ်လွန်သူ ဦးကိုကို၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ အမှု**

ဒေါ်ခင်ကြည်  လျှောက်ထားသူ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ဆူးလေကုန်းကျေးရွာနေ လျှောက်ထားသူ ဒေါ်ခင်ကြည်က ကွယ်လွန်သူ ဦးကိုကို ကျန်ရစ်ခဲ့သည့် ပစ္စည်းများအပေါ်၌ အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးအား စီမံခန့်ခွဲအမိန့်ချမှတ်ပေးပါရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇(၂) အရ လျှောက်ထားသည်ဖြစ်၍ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်(၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားပါသဖြင့် မည်သူမဆို အမှုတွင် အမှုလာဆိုင်ဆိုလိုပါက အထက်ပါချိန်းဆိုသော နေ့ရက်တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ် တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်အမှုဆိုင်ဆိုရန်နှင့် ယင်းသို့ ခွင့်ပြုမိန့်ထုတ်ပေးထားခြင်းမပြုမီ သက်ဆိုင်ရာအမှုတွဲကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းသို့ လာရောက်ရန် ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်ခင်ကြည်၏ လျှောက်လွှာအား ကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော့မေခိုင်)
ဒုတိယခရိုင်တရားသူကြီး(၁)
ကျောက်ဆည်ခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၇၅၀/ခ၊ ဧရိယာ(၂၀x၆၀)၊ မြေကွက်တည်နေရာအမှတ်(၇၅၀/ခ)၊ ရွှေအုတ်ဂူလမ်း၊ ၈/ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအောင်စိန်(၁၂/သကတ(နိုင်) ၁၆၂၅၉၄)၊ CM-၀၁၃၆၃၈ အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအား ဒေါ်ခင်ကြည်ကြည်ဇင်မှ တရားလိုပြုလုပ်၍ ဦးအောင်စိန်အား တရားပြိုင်ထားကာ သာကေတမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၂/၂၀၂၃ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုကြောင်း စွဲဆိုထားမှုအပေါ် အနိုင်ဒီကရီချမှတ်သည့်(၃၁-၈-၂၀၂၃)ရက်စွဲပါစီရင်ချက်၊ တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်-၃၉/၂၀၂၃ ဖြင့် ဘီလစ်ခန့်အပ်ကြောင်းအမိန့်ချမှတ်သည့်(၃-၁၁-၂၀၂၃) ရက်စွဲပါ တရားရုံးနေ့စဉ်တာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျအပြီးသတ်အမိန့်၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရာတွင် တရားရုံးကိုယ်စား တရားရုံးအရာရှိအဖြစ် ဘီလစ်ဒေါ်မိုးပပမျိုး(၁၂/ဥကတ(နိုင်)၁၄၈၈၅၇)က လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဌာနသို့ အကြောင်းကြားသည့် စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားတို့ တင်ပြ၍တရားရုံးဘီလစ် ဒေါ်မိုးပပမျိုးမှ အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/12848,Honda PCX-150 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသက်ဦး ၁၄/မအပ(နိုင်)၁၆၀၅၇၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)
မအူပင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/5523, ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာမြင့် ၈/နမန(နိုင်)၁၆၀၉၄၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(တောင်ငူ)

## အမည်ပြောင်း

ဦးဝေဖြိုး ၈/တတက(နိုင်)၁၀၁၃၆၅ ၏သား ရမည်းသင်းမြို့နယ်၊ KTL ကိုယ်ပိုင်အထက်တန်းကျောင်း G-4 တွင် ပညာသင်ကြားနေသော မောင်ဝေလျှံမင်းခန့်အား မောင်ဝေလျှံမင်းဆက် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

စာအုပ်စာပေ
လူ့မိတ်ဆွေ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2S/6697 Suzuki Carry DC61T Pickup ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြည်မိမ်း ၃/မဝတ(နိုင်)၀၀၁၈၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 64W/71265 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဝတ်ရည် ၁၄/ဟသတ(နိုင်) ၂၉၄၉၄၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/52432 CANDA 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေမြတ်သူ ၇/ပမန(နိုင်)၁၄၅၄၆၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/49474 KAMAX 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလှိုင် ၁၄/ရကန(နိုင်)၀၀၃၀၈၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9L/5859 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

သထုံမြို့နယ်၊ ထောင်မှူးကျေးရွာအုပ်စု၊ ရွာတန်းရှည်ကျေးရွာနေ ဦးမြတ်စိုး၏သမီး ကျွန်မ မမြတ်သန္တာ ၁၂/တကန(နိုင်)၁၁၃၄၈၉၏ နိုင်ငံကူး လက်မှတ် နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၀၉၇၈၈၅၁**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၁) Grade-12 (စကား၀ါ)ခန်းမှ မောင်မင်းခန့်သော်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးဝင်းစိုး ၆/ကစန (နိုင်) ၀၁၉၁၇၅ ဖြစ်ပါကြောင်း။

**ဦးဝင်းစိုး**

## မိဘအမည်မှန်

မြိတ်မြို့၊ အထက(၁) Grade-12(စကား၀ါ)ခန်းမှ ဦးဝင်းနိုင်၏ သားနှင့်သမီးများဖြစ်သော မစူးဇူးနိုင်နှင့် မောင်နိုင်းဂျွန်ဖြိုးတို့၏မိခင် အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဒေါ်စိုးစိုးမော် ၆/မအရ(နိုင်) ၁၀၉၄၂၈ ဖြစ်ပါကြောင်း။

**ဒေါ်စိုးစိုးမော်**

## စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်
## မုံရွာမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၏ ရုံးသုံးစက်ကိရိယာများ (ကွန်ပျူတာ ၂၀ လုံး)ဝယ်ယူခြင်းလုပ်ငန်းအား ၂၀၂၅-၂၀၂၆ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**Lot. (1) ရုံးသုံးစက်ကိရိယာများဝယ်ယူခြင်း**

| | | | |
|---|---|---|---|
| (၁) | CPU | - | i5(12400) |
| (၂) | Motherboard | - | Asus Board |
| (၃) | Ram | - | DDR5-16 GB |
| (၄) | Harddisk | - | SSD-1 TB |
| (၅) | Power Supply | - | Logicom 750W |
| (၆) | Casing | - | GT(Normal) |
| (၇) | Monitor | - | Acer 24'' |
| (၈) | UPS | - | Logicom- 650W |
| (၉) | Keyboard/Mouse | - | DM |
| (၁၀) | Wifi Adapter | - | TP Link 150 Mbs 1 Year အာမခံ |

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၃-၇-၂၀၂၅ ရက်
(ခ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၇-၈-၂၀၂၅ ရက်
(ဂ) **တင်ဒါလျှောက်လွှာရယူရန်** - ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်
(ဃ) **တင်ဒါပိတ်မည့်ရက်** - ၇-၈-၂၀၂၅ ရက်
(င) **ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းရမည့်ရက်**
(စ) **တင်ဒါဖွင့်မည့်ရက်** - အောက်တွင်ဖော်ပြထားသည့် ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းရန်

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို တစ်စုံလျှင် ငွေကျပ် ၁၀၀၀၀/- ဖြင့် ၂၁-၇-၂၀၂၅မှစတင်၍ ရုံးချိန်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၊ ဘတ်ဂျက်နှင့် ထောက်ပံ့ဌာနတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန(ဖုန်း)၀၉-၇၆၁၇၂၂၁၉၈၊ ၀၉-၇၈၉၂၂၉၄၂၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်**
**မုံရွာမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်-(၁၅၈)၊ မြေကွက်အမှတ်- (၃၅၈)ရှိ (၄၀ပေx၆၀ပေ)ကျယ်သော ပါမစ်မြေကွက်သည်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန(မြို့မြေစာရင်း)တွင် ဦးစိန်ဝင်း(TTE-117907)အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်မှတရားဝင် မခွဲစိတ်ရသေးသော (၁၅၉နှင့်ကပ်လျက်ရှိ)(၂၀ပေx၆၀ပေ)ကျယ်သောမြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူလက်ဝယ်ထားရှိသူ ဒေါ်အေးအေးအောင် (၈/သရန(နိုင်)၀၀၀၈၉၀)က အရှုပ်အရှင်းကင်းရှင်းကာ မိမိတွင်သာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသန္တာကျော်(၁၂/စခန(နိုင်)၀၅၉၃၉၉)က အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်ထက်ထက်အောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၈၈)**
**အမှတ်(၅၆၀)၊ မာဃ(၁၀)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၂၇၇၃၆၁၆၈**

## မိခင်အမည်မှန်

သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ အထက သိမ်ဆိပ်(Grade-12) တွင် ပညာသင်ကြားနေသော မအေးငြိမ်းစိုး၏ မိခင်အမည်မှန်မှာ ဒေါ်ညိုဝင်း ၆/သရခ (နိုင်)၀၄၉၃၉၇ဖြစ်ပါကြောင်း။

**ဒေါ်ညိုဝင်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(နောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သောင်ကြီးမြောက်၊ လူနေရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် - ၁၁/၄၅၆-ကနှင့် ၁၁/၄၅၆-ခ ဟုတွင်သော သရဖီလမ်း၊ အိမ်အမှတ် ၁၁/ ၄၅၆ ကနှင့် ၁၁/၄၅၆-ခ၊ ဦးသိန်းမြင့် (ISN-၅၅၆၂၇၁)နှင့်ဒေါ်စန်းစန်းဦး(ISN-၅၉၄၄၅၁) တို့ အမည်ပေါက် မြေအမျိုးအစား၊ မြေချပါမစ်၊ မြေကွက်(၁)ကွက်လျှင် ဧရိယာ(၁၂၀၀)စတုရန်းပေ အကျယ်အဝန်း၊ မြေကွက်(၂)ကွက်ပေါင်းလျှင် စုစုပေါင်း (၂၄၀၀) စတုရန်းပေ အကျယ်အဝန်းရှိ မြေကွက်(၂)ကွက်တွဲနှင့် ယင်းမြေကွက်(၂)ကွက်တွဲပေါ်ရှိ အဆောက်အအုံ(၅)လုံး ကိုယ်ပိုင်လျှပ်စစ်မီတာ (၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေကွက်အမည်ပေါက်များထံမှ အစဉ်အဆက်အရပ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူများဖြစ်သော (၁)ဒေါ်လေးလေးနွယ် ၁၂/အစန(နိုင်) ၁၄၉၂၆၇နှင့် (၂)ဒေါ်အေးအေးသွယ် ၁၂/မဂဒ(နိုင်)၁၁၄၇၀၃တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးလွင်မိုး ၁၂/ထတပ(နိုင်)၁၀၇၆၄၄က အပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်(၂)ကွက်တွဲ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ (သို့) ဆက်ခံခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကိစ္စရပ်အပေါ် ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအင်ညွှန်ကြားချက်အရ -**
**ဦးအောင်မျိုးသူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် -၁၇၄၆၂)**
**အမှတ်(၉၁)၊ ၄-လွှာ(ဘီ)၊ ၁၂၃လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉-၄၂၀၁၃၂၂၇၆**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 69W/37769 Rato 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြဝင်းလှိုင် ၁၄/မအန(နိုင်) ၂၅၃၉၉ က (ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/60300, KENBO 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းအေး ၇/ပတန (နိုင်)၀၇၆၅၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)နှင့် ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 14W/65500, HONDA WAVE-NF-125M ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စန်းဝင်း ၉/မရမ(နိုင်) ၀၇၂၁၁၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)နှင့် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ရှမ်းပြည်နယ်ရုံး**
**(တောင်ကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/39525, Honda Click- 160 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ထွန်း ၁၃/တကန(နိုင်) ၁၈၂၂၇၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ရှမ်းပြည်နယ်ရုံး**
**(တောင်ကြီး)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၇၈

| | | |
|---|---|---|
| ဒေါ်ခင်ဆွေဝင်း | **နှင့်** | ဒေါ်ခင်အုန်းမြင့် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ် (၆/၄)၊ အကွက် (၈၉၉) ၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ၃၂ လမ်း၊ ၆၄x၆၅ လမ်းကြားနေ ဒေါ်ခင်အုန်းမြင့် (ဘ) ဦးဘကြွယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါ်ခင်အုန်းမြင့် သင့်အပေါ်၌ တရားလို ဒေါ်ခင်ဆွေဝင်းက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ) ရပ်ကွက် ၊ အကွက်အမှတ် ( ဟ-၁၃ )၊ ဦးပိုင်အမှတ် ( ၇၂ ) ဧရိယာ(၀.၀၂၇၅)ဧက ရှိ ဒေါ်ခင်အုန်းမြင့် အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်း လိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အင်ကြင်းဖူး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/44996, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည်လှိုင် ၁၄/ လပတ(နိုင်) ၂၂၃၄၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 76W/19957, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်စုံအောင် ၁၄/ပသန(နိုင်) ၁၄၄၅၉၈ က ဖောင်းကြွနံပါတ်ပြား ပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့် ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၈) တဖက္ကာကွင်း၊ မြေကွက်အမှတ်(၄၂)၊ မြေဧရိယာ (၀ ဒသမ ၁၁၀) ဧကအား မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ (၂-၅-၂၀၁၄)ရက်စွဲပါစာအမှတ်၊ ၁၃၀/၄/၁-၁၂/ခရအ(မြိတ်) အရ ဦးရွှေဟုတ်၊ ဒေါ်ခင်ခင်အေးအမည်ဖြင့် အိမ်ရာမြေနေရာ ချထားပေးခဲ့ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန် (အသစ်) လျှောက်ထားနိုင်ရေး တန်စွီးဟုန်(ခ)ဦးရွှေဟုတ် ၆/မအရ(နိုင်)၀၈၆၉၀၈၊ ဒေါ်ခင်ခင်အေး ၆/မအရ(နိုင်)၀၃၈၆၃၉ တို့မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၃၀) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၃၈) တဖက္ကာကွင်း၊ မြေကွက်အမှတ်(၄၁)၊ မြေဧရိယာ (၀ ဒသမ ၁၁၀) ဧကအား မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ (၂-၅-၂၀၁၄)ရက်စွဲပါစာအမှတ်၊ ၁၃၂/၄/ ၁-၁၂/ခရအ(မြိတ်)အရ ဦးရွှေဟုတ်၊ ဒေါ်ခင်ခင်အေး အမည်ဖြင့် အိမ်ရာမြေနေရာ ချထားပေးခဲ့ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန် (အသစ်) လျှောက်ထားနိုင်ရေး တန်စွီးဟုန်(ခ)ဦးရွှေဟုတ် ၆/မအရ(နိုင်) ၀၈၆၉၀၈၊ ဒေါ်ခင်ခင်အေး ၆/မအရ(နိုင်)၀၃၈၆၃၉ တို့မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၃၀) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄၂)၊ ခနိတန်းအကွက်၊ ဦးပိုင်အမှတ်(၄၁)၊ ဧရိယာ ၀.၀၈၃ ဧကရှိ ဦးမြင့်လွင်အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ဗိုလ်ချုပ်နေဝင်းလမ်းသွယ်နေ ဦးမြတ်ထွန်းကျော်၊ ဒေါ်ယဉ်ယဉ်သန်းတို့မှ ဘိုးဘပိုင်မြေ အမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည် ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ရွှေတိဂုံစေတီတော်
## ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး
## ဆိုင်ထွက်ခွင့်ရရှိသူအမည်ပြောင်းလဲခြင်းဆိုင်ရာကြော်ငြာ

၁။ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့သည် စောင်းတန်းများအတွင်း ဆောက်လုပ်ထားသော ဆိုင်ခန်းများ၌ ဈေးရောင်းချရန်ဆိုင်ထွက်ခွင့်ရရှိသူများကို သတ်မှတ်စည်းကမ်းနှင့်အညီ မှတ်ပုံတင်၍ ဆိုင်ထွက်ခွင့်ပြုထားပါသည်။ ယခုအခါ တောင်ဘက်စောင်းတန်းမှ (၁)ဆိုင်၊ တောင်ဘက် ဈေးတော်ရုံ မှ (၁)ဆိုင်၊ စုစုပေါင်း (၂)ဆိုင်မှာ ဆိုင်ထွက်ခွင့်ရရှိသူ အမည်များပြောင်းလဲရန် လျှောက်ထားတင်ပြလာသဖြင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ဆိုင်ထွက်ခွင့်အမည်ပေါက် ပြောင်းလဲပေးရန် စီမံဆောင်ရွက်နေပါသည်။

၂။ အောက်ဖော်ပြပါ ဆိုင်ခန်းအမှတ်များ၌ ဆိုင်ထွက်ခွင့်ရရှိသူအမည်ပေါက် ပြောင်းလဲခြင်းကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားတင်ပြ၍ ကန့်ကွက်နိုင်ပြီး ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင် အမည်ပေါက် ပြောင်းလဲခြင်းအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

(က) တောင်ဘက်စောင်းတန်း ဆိုင်အမှတ် ၇၈
(ခ) တောင်ဘက်ဈေးတော်ရုံ ဆိုင်အမှတ် ၄၆

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို
## အယူခံတရားပြိုင်ထံသို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
## ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၄ခုနှစ်၊တရားမပထမအယူခံမှုအမှတ် -၁၉၆

| | | |
|---|---|---|
| ဒေါ်ဝင်းဝင်းမော် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်သန္တာဝင်း) | **နှင့်** | ၁။ ဒေါ်ကလျာ ၂။ ဦးလှမြင့် |
| **(အယူခံတရားလို)** | | **(အယူခံတရားပြိုင်များ)** |

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၁၇ရက်စွဲပါ နတ်တလင်းခရိုင်တရားရုံး ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃ အမှုတွင် ချမှတ်သော အမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မုဒိတာအိမ်ရာ၊ ပေါက်တောရပ်ကွက်နေ အယူခံတရားပြိုင်(၁)ဒေါ်ကလျာ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

